# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ စနေနေ့။ Saturday, 3 September 2022 ၁၀၈၄၇


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင် ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရ အရှေ့ဖျားစီးပွားရေးဖိုရမ် (EEF) ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

**ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်မည်**

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဘော့စတော့ခ်မြို့တွင် စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်မည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်-၂၀၂၂ (The 7th Eastern Economic Forum - 2022) သို့ ပါဝင်တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံက သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ လှူဒါန်း** — စာမျက်နှာ ၄

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2 ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ** — စာမျက်နှာ ၅

**ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ကြပါစို့** — ဆောင်းပါး စာမျက်နှာ ၆

**ဓာတ်ခွဲနမူနာစုစုပေါင်း ၈၉၅၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄ ဦး တွေ့ရှိ** — စာမျက်နှာ ၁၂

**လေ့လာစရာအင်္ဂလိပ်စာ** — စာမျက်နှာ ၁၆၊ ၁၇





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ယာဉ်အန္တရာယ်ကင်းရှင်းရေးသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည့်အတွက် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအရေအတွက် ၅၀ ရာခိုင်နှုန်းအထိလျှော့ချရေး ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိ

## မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ၊ တာဝန်ကျေသည့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီသစွာ အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council- NRSC) ပထမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အသစ်ဖွဲ့စည်းခဲ့သော အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ

# စစ်မှန်သည့်မျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုံလင်စွာဖြင့် မတူညီသော ယဉ်ကျေးမှုများနှင့် အတူပေါင်းစည်းနေထိုင်ကြသည်။ လူမျိုးတစ်မျိုးစီတွင် ချစ်ခင်နှစ်လိုဖွယ်ရာ ဂုဏ်ယူစရာကောင်းသည့် ယဉ်ကျေးမှုအနုပညာရပ်များကို ပိုင်ဆိုင်ကြသည်။ ဒေသအလိုက် မတူကွဲပြားသည့်ယဉ်ကျေးမှုများမှာ မြတ်နိုးစရာဖြစ်သည်။ ရှေးအစဉ်အဆက်ကတည်းက ပေါ်ထွန်းခဲ့ပြီး ယနေ့ထက်တိုင်အောင် မြန်မာ့ယဉ်ကျေးမှုအနုပညာများ တည်ထွန်းနေခြင်းသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းနေသောကြောင့်ဖြစ်သည်။

ခေတ်ရေစီးကြောင်းသည် တိုးတက်မှုများနှင့်အတူ လိုက်ပါပြောင်းလဲနေသောအခါ ခေတ်ပေါ်ယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုအပေါ် လွှမ်းမိုးလာသည်။ သို့သော် သိမ်မွေ့နက်နဲပြီး နှစ်လိုဖွယ်ရာကောင်းသည့် မြန်မာ့ယဉ်ကျေးမှုသည် တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိဘဲ ဆက်လက်ရှင်သန်နေသည်ကို မြန်မာ့အနုသုခုမ တင်ဆက်မှုများကို ကြည့်ရှုခံစားလျှင် သိနိုင်ပါသည်။ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များကို တစုတစည်းတည်း စုစည်းမိနိုင်ရန်နှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များကို ထိန်းသိမ်းမြှင့်တင်ဖော်ထုတ်နိုင်ရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နိုင်ငံတော်က ၁၉၉၃ ခုနှစ်တွင် စတင်ဖော်ထုတ်ပေးခဲ့ရာ ယခုနှစ်အခါတွင် (၂၃)ကြိမ်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် အဆို၊ အက၊ အရေး၊ အတီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ရှေးအစဉ်အဆက်လက်ဆင့်ကမ်း၍ တန်ဖိုးထားထိန်းသိမ်းလာခဲ့ကြသော သက်ရှိထင်ရှား အနုသုခုမပညာရှင်များ၊ အနယ်နယ်အရပ်ရပ်မှ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို စိတ်ဝင်စားပြီး လေ့လာလိုက်စားကြသည့် မျိုးဆက်သစ်များ၊ လူငယ်လူရွယ်များက မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိနေသည်မှာ ဂုဏ်ယူစရာ၊ ကျေးဇူးတင်စရာဖြစ်သည်။ မျက်မှောက်ကာလတွင် ခေတ်ရေစီးကြောင်းပြောင်းလဲမှု၊ အနောက်တိုင်းယဉ်ကျေးမှုလွှမ်းမိုးလာမှုနှင့် မြန်မာ့ယဉ်ကျေးမှုကို ပျက်ပြယ်အောင် ပုံဖော်နေသူများကြောင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ပျောက်ပျက်မည့်အန္တရာယ်နှင့်ကြုံတွေ့နေရသည်။

ယခုအခါတွင် စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်များနှင့် မြင့်မားသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်စိတ်ဓာတ်များဖြင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ပြန်လည်မြင့်တက်လာအောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် မြှင့်တင်ဖော်ထုတ်ပေးနိုင်တော့မည် ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ အနုသုခုမပညာရှင်များ၊ ဝါသနာရှင်များက မြို့နယ်အဆင့်၊ ခရိုင်အဆင့်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အထိ အဆင့်ဆင့်ပြိုင်ပွဲဝင်ခဲ့ကြရာ မကြာမီကာလတွင် ဗဟိုအဆင့်သို့ တက်လှမ်းယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။ ပြိုင်ပွဲကြီးအောင်မြင်စွာပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများ၊ အနုသုခုမပညာရှင်များ၊ ဝါသနာရှင်များအားလုံးကို ကျေးဇူးတင်ရမည်ဖြစ်သည်။

မကြာမီကျင်းပတော့မည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို (က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ (ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ (ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊ (ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး ဟူသည့် ဦးတည်ချက်များကိုချမှတ်၍ ဖော်ထုတ်မြှင့်တင်လျက်ရှိသည်။

အဆိုပါဦးတည်ချက်များတွင် မျက်မှောက်ကာလ တိုင်းပြည်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုအနုပညာသည် လူသားတို့၏ နှလုံးသည်းပွတ်ပမာဖြစ်သကဲ့သို့ ပြည်သူများ၏နှလုံးစိတ်ဝမ်းကို လန်းဆန်းစေပြီး ညို့ယူဖမ်းစားနိုင်ပေသည်။ ထို့ကြောင့် ယဉ်ကျေးမှုအနုပညာရပ်များဖြင့် ခက်ထန်နေသောစိတ်ဓာတ်များ၊ အမုန်းတရားများကို ပျောက်ပျက်သွားနိုင်အောင် ဝိုင်းဝန်းဆောင်ကြဉ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်များသာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် လိုအပ်နေသော စစ်မှန်သည့်တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ ခိုင်မာလာအောင် ဖော်ဆောင်ပေးမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဝိုင်းဝန်း မြှင့်တင်အားပေးကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်းအသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရယူထားသူ ဒေါ်စိုးစိုးထက်(ကန္တာရဝတီတိုင်း(မ်)ဂျာနယ်) သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေး တို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို သော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို လွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းအား ထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်မှ စတင်၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းဂျာနယ်အနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် အသိပေး ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ကျုံပျော်၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျုံပျော် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ယမန်နေ့က မန်းကြာကျေးရွာအုပ်စု ဓမ္မာရုံတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး သိန်းစိုးဝင်းနှင့် စစ်ကြောင်းကြီး ငါးကြောင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူတို့က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေနှင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်နေမှုများကို အသိပေးဆွေးနွေးကြသည်။

ထို့နောက် ဒေသခံပြည်သူများက သိလိုသည့် မေးမြန်းမှုများအပေါ် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်လာသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အခမဲ့ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ စစ်ကြောင်းကြီး ငါးကြောင်းတွင် အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စည်းရုံးရေး စသည့် စစ်ကြောင်းများပါဝင်ပြီး ရပ်ရွာအေးချမ်းသာယာရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပြည်သူ့စကားသံနှင့် တင်ပြလာမှုများအပေါ် အကူအညီပေးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲသို့ ဒေသခံပြည်သူ ၄၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၉-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၈၀၀ | ၄,၄၄၉ | ၃၄,၃၆၆,၅၀၀ |
| MTSH | ၂,၆၅၀ | ၃,၀၀၀ | ၁၄,၅၂၇ | ၄၁,၅၉၇,၉၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၄၃၀ | ၃,၀၅၃,၀၀၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၁ | ၁၈,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၄၅၀ | ၄၇၂ | ၁,၁၂၂,၈၅၀ |
| EFR | ၂,၅၅၀ | ၂,၆၀၀ | ၃၅ | ၈၉,၃၅၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၄,၀၀၉ | ၁၉,၆၄၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၉၆.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၀၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၁၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၃၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၁၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၉.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၇.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၄.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၃၅

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုသည်မှာ ကျယ်ပြန့်သည့်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြည်သူတစ်ဦးချင်းစီက စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ တိုးတက်အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းသဘာဝမျိုးဖြစ်

☆ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များကို National Road Safety Action Plan(2021–2030)နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ယခင် NRSC ၏ လုပ်ဆောင်ခဲ့မှုများအပေါ် ပြန်လည်သုံးသပ်ပြီး ပိုမိုတိုးတက်အောင်မြင်စေမည့် ရှေ့လုပ်ငန်းစဉ်များနှင့် အစီအမံများ ဖော်ဆောင်နိုင်ရေးအတွက် ယနေ့ အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း။

**ပူးပေါင်းပါဝင်**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုသည်မှာ ယာဉ်မတော်တဆဖြစ်မှုများနှင့် အဆိုပါမတော်တဆမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများ လျှော့နည်းကျဆင်းသွားရန်၊ ထိုမှတစ်ဆင့် လုံးဝပပျောက်သွားအောင် စီမံအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သို့သော် အဆိုပါကိစ္စရပ်သည် ကျယ်ပြန့်သည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြည်သူတစ်ဦးချင်းစီက စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ တိုးတက်အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းသဘာဝမျိုးဖြစ်ကြောင်း။

ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ဦးတည်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည့် Global Status Report on Road Safety (2018) အရ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် Road Accident ကြောင့် နှစ်စဉ်ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် အသက်ဆုံးရှုံးနေကြရပြီး လူဦးရေ သန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေကြရကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေတစ်သိန်းတွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်း ၁၈ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး အာဖရိကနှင့် အရှေ့တောင်အာရှဒေသများတွင် သေဆုံးမှုနှုန်းအများဆုံးဖြစ်ကြောင်း၊ လူများသေဆုံးရသည့် အကြောင်းရင်းများတွင် Road Accident ကြောင့် သေဆုံးရခြင်းသည် အဆင့် (၈)နေရာတွင် ရှိပြီး အသက်(၅)နှစ်မှ (၂၉)နှစ်အတွင်းရှိ လူ့အဖွဲ့အစည်း၏ အဖိုးတန်ကလေးသူငယ်၊ လူငယ်လူရွယ်များသေဆုံးခြင်းတွင် အဆင့်(၁) အကြောင်းရင်းဖြစ်နေသည်ကို လေ့လာတွေ့ရှိရကြောင်း။

ထို့ပြင် Road Accident ကြောင့် နိုင်ငံအများစုတွင် နှစ်စဉ် GDP ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းခန့်အထိ ဆုံးရှုံးနေရပြီး ထိုထိခိုက်ဆုံးရှုံးနစ်နာမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးရင်ဆိုင်နေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အချိန်နှင့်အမျှ ယာဉ်အသုံးပြုမှု ပိုမိုတိုးတက်များပြားလာပြီး ယာဉ်အရေအတွက် လျင်မြန်စွာ တိုးပွားလာမှုအပေါ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအစီအမံများ လုံလောက်ပြည့်စုံအောင် အချိန်မီဆောင်ရွက်ကြရန် ပျက်ကွက်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးမှုများ များပြားနေရခြင်းဖြစ်ကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများသည် အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုအဖြစ် တဖြည်းဖြည်းကြီးထွားလာနေခြင်းကို ဟန့်တားထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းလုံးတွင် Road Safety ကိစ္စရပ်ကို အထူးအလေးအနက်ထားဆောင်ရွက်လာကြသည်မှာ ဒုတိယဆယ်စုနှစ်အတွင်း ရောက်လာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သည့် Global Ministerial Road Safety Conference မှတစ်ဆင့် Moscow Declaration ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အဆိုပါ Moscow Declaration ကိုအခြေခံ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆယ်စုနှစ်လှုပ်ရှားမှု (၂၀၁၁–၂၀၂၀) Decade of Action for Road Safety(2011–2020)ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ အာဆီယံနိုင်ငံများ၌လည်း ASEAN Regional Road Safety Strategic Plan ကိုရေးဆွဲချမှတ်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း National Road Safety Action Plan(2014–2020)ကို ရေးဆွဲချမှတ်ပြီး Road Safety ဆိုင်ရာလုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ယာဉ်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည့်အတွက် Decade of Action for Road Safety လှုပ်ရှားမှုများအလေးထားဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း ကမ္ဘာလုံးဆိုင်ရာ Sustainable Development Goals (SDG)၏ Article 3.6 တွင် ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးသူအရေအတွက်ကို ၅၀ ရာခိုင်နှုန်းအထိလျှော့ချရေး ရည်မှန်းထည့်သွင်းရေးဆွဲပြီး ကမ္ဘာ့နိုင်ငံအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ၊ တာဝန်ကျေသည့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံပီသစွာ အကောင်းဆုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**❖ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် 5 Es System ဟု ခေါ်ဆိုသည့် Education (ပညာပေးခြင်း)၊ Engineering (အင်ဂျင်နီယာပိုင်းဆိုင်ရာ ကောင်းမွန်ခြင်း)၊ Enforcement (ဥပဒေအရ အရေးယူခြင်း)၊ Emergency Medical Care (အရေးပေါ်ဆေးကုသမှုပေးခြင်း)နှင့် Evaluation (အကျိုးရလဒ်ကို သုံးသပ်အကဲဖြတ်ခြင်း) တို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ 5 Es ကိုအခြေခံကာ မိမိနိုင်ငံ အဓိကရင်ဆိုင်နေရသည့် မြေပြင်လက်တွေ့ပြဿနာများကို မှန်မှန်ကန်ကန် သုံးသပ်ပြီး အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည့် ဦးစားပေးကဏ္ဍရွေးချယ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်**

ကမ္ဘာလုံးဆိုင်ရာ Decade of Action for Road Safety ကို အကောင်အထည်ဖော်ရာတွင် **"ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု (Road Safety Management)"၊ "ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)"၊ "ပိုမိုအန္တရာယ်ကင်းသောယာဉ်များ (Safety Vehicles)"၊ "ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ (Safer Road Users)"**နှင့် **"ယာဉ်တိုက်ခိုက်မှု ဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post–Crash Response)"** ဆိုသည့် မဏ္ဍိုင်ကြီး (၅)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ ယခင် NRSC များအနေဖြင့် အဆိုပါမဏ္ဍိုင်ကြီး (၅)ရပ်ကို အခြေပြု၍ Road Safety လုပ်ငန်းစဉ်များကို အလေးထားကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး ထိုက်သင့်သည့်တိုးတက်အောင်မြင်မှုများလည်း ရရှိခဲ့ကြပြီးဖြစ်ကြောင်း။

**ဆက်လက်ကြိုးပမ်း**

ယခု ယာဉ်အန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှု၏ ဒုတိယဆယ်စုနှစ်ကာလအတွက် ရေးဆွဲအတည်ပြုထုတ်ပြန်ထားခဲ့ပြီးဖြစ်သည့် Myanmar National Road Safety Action Plan (2021–2030) ပါ ရည်မှန်းချက်များ၊ လုပ်ငန်းအစီအမံများနှင့်အညီ မိမိတို့ NRSC အနေဖြင့် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

Road Safety ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လမ်းအသုံးပြုသူများကို လေ့ကျင့်ပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ခိုင်ခိုင်မာမာပြဋ္ဌာန်းခြင်း၊ စည်းကမ်းလိုက်နာရန် တွန်းအားပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မော်တော်ယာဉ်များ အသုံးပြုမှုနှင့် ကြံ့ခိုင်မှုကို စနစ်တကျ စစ်ဆေးကြပ်မတ်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအစီအမံများ ပြည့်ပြည့်စုံစုံ တပ်ဆင်စေခြင်းကိုလည်း စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ယာဉ်များ မောင်းနှင်အသုံးပြုမည့်လမ်းများ၏ ဒီဇိုင်းမှန်ကန်ရေး၊ လမ်းများကို စံချိန်စံညွှန်းကိုက်ညီအောင် တည်ဆောက်ရေးနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းရေးစသည့် လမ်းအရည်အသွေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း မပျက်မကွက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**5 Es System**

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် 5 Es System ဟု ခေါ်ဆိုသည့် Education (ပညာပေးခြင်း)၊ Engineering (အင်ဂျင်နီယာပိုင်းဆိုင်ရာ ကောင်းမွန်ခြင်း)၊ Enforcement (ဥပဒေအရ အရေးယူခြင်း)၊ Emergency Medical Care (အရေးပေါ်ဆေးကုသမှုပေးခြင်း)နှင့် Evaluation (အကျိုးရလဒ်ကို သုံးသပ်အကဲဖြတ်ခြင်း) တို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ 5 Es ကို အခြေခံကာ မိမိနိုင်ငံ အဓိကရင်ဆိုင်နေရသည့် မြေပြင်လက်တွေ့ပြဿနာများကို မှန်မှန်ကန်ကန် သုံးသပ်ပြီး အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည့် ဦးစားပေးကဏ္ဍရွေးချယ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလားတူ Road Safety နှင့် ပတ်သက်၍ Strategy, Structure, Skills, Shared, Systems, Staff, Style ဆိုသည့် 7s Implementation Framework ကို အခြေခံကာ ချဉ်းကပ်လေ့လာသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များအားလုံးကို NRSC အနေဖြင့် Leading Council အဖြစ် တာဝန်ယူပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အားလုံး ဟန်ချက်ညီ ပူးပေါင်းပါဝင်လာနိုင်အောင် စနစ်တကျ စုစည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးတွင် NRSC ဆပ်ကော်မတီ (၄)ရပ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများအနေဖြင့် ယခင် Action Plan ပါ လုပ်ငန်းစဉ်များ၊ Quick–Win အစီအမံများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာသုံးသပ်ကြရန်၊ အတွေးသစ်၊ အကြံသစ်၊ ဉာဏ်သစ်များကို အခြေခံ၍ မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် ကိုက်ညီဆီလျော်သော လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန်၊ လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် ထိရောက်လျင်မြန်အောင်မြင်စေနိုင်မည့် နည်းလမ်းကောင်းများ ရရှိနိုင်ရန် အကြံပြုဆွေးနွေးကြစေလိုကြောင်း။

ယာဉ်မတော်တဆမှုဆိုသည်မှာ အဓိကအားဖြင့် လူ့ပယောဂကြောင့် ပေါ်ပေါက်လာရသည့် ပြဿနာဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ ကိုယ်စီလိုက်နာထိန်းသိမ်းဆောင်ရွက်ကြမည်ဆိုလျှင်၊ အသုံးပြုသည့် ကားများ၏ ကြံ့ခိုင်မှုကောင်းမွန်နေမည်ဆိုလျှင် လမ်းများလည်း လုံခြုံစိတ်ချရမှုရှိနေမည်ဆိုလျှင်၊ လမ်းအသုံးပြုသူအားလုံး စည်းကမ်းလိုက်နာကြမည်ဆိုလျှင် စသည်ဖြင့် အဘက်ဘက်က ဟန်ချက်ညီလာသည့်တစ်နေ့တွင် ယနေ့ Road Safety ဆိုင်ရာမျှော်မှန်းချက်ဖြစ်သည့် **"Towards Zero Together"** ဆိုသည့် Vision သည် အမှန်တကယ်ဖြစ်လာရမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်လာရေးအတွက် အဓိကအားဖြင့် မိမိတို့နိုင်ငံ၏ National Road Safety Action Plan(2021–2030)ပါ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအတိုင်း မဆုတ်မနစ်ကြိုးပမ်းအားထုတ် လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Road Safety နှင့်ပတ်သက်၍ အဓိကတာဝန်ရှိကြသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် အလေးအနက်ထား ကြိုးပမ်းအားထုတ်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေတွက်ချက်မှု အခြေခံနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေးအဓိကရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းတို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၁ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာများ၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၃) ဆိုင်ရာများ၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသီတာဦးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံက သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂

မြန်မာနိုင်ငံက သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ လွှဲပြောင်းလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Asia World Port Terminal ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယခုလှူဒါန်းမှုသည် သီရိလင်္ကာပြည်သူများအပေါ် မြန်မာအစိုးရနှင့် ပြည်သူများ၏ စာနာမှုကိုပြသခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားပြီး ဆန်လှူဒါန်းခြင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးက ဆန်များတင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌထံသို့ ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိကြောင်း၊ စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံ၏ လတ်တလော အခြေအနေတွင် ယခုကဲ့သို့ လှူဒါန်းခြင်းသည် များစွာအထောက်အကူဖြစ်ကြောင်း၊ လှူဒါန်းပေးရန် စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုလည်း များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

သတင်းစဉ်

# ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်း ပထမတံခွန်စိုက်ဒိုင်းဆု ဆွတ်ခူး



နေပြည်တော် စက်တင်ဘာ ၂

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပထမတံခွန်စိုက်ဒိုင်းဆုအား ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးဂိုးသမားဆု ရရှိခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၈) ဟိန်းထက်စိုးနှင့် အကောင်းဆုံးနောက်တန်း အားကစားသမားဆု ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၂၅) အောင်ဇင်ဖြိုးတို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက လည်းကောင်း၊ အကောင်းဆုံး အလယ်တန်းအားကစားသမားဆု ရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၇) ကျော်စိုးဦး၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၂၂) စောနေမျိုးထွန်းနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၁) မင်းမော်ဦးတို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက လည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စတုတ္ထဆုရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ငွေသားကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပထမတံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆု ကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရှမ်းပြည်နယ် တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **"ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ"** စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆို**

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် တာချီလိတ်မြို့သို့ ရောက်ရှိရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများက **"ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်"** စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍ တာချီလိတ်လေဆိပ်တွင် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဇလွန်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းနှင့် မြေပြင်လူဦးရေစာရင်း စိစစ်ခြင်း သတ်မှတ်ကာလအတွင်း မှန်ကန်ပြီးစီးရေး စည်းဝေး

ဇလွန် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲဆန္ဒရှင်စာရင်းနှင့်မြေပြင်လူဦးရေစာရင်းစိစစ်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) အချက်အလက်များ နည်းပညာအသုံးပြု၍ ကွန်ပျူတာအတွင်းရိုက်သွင်းခြင်းနှင့် Software Program အတွင်းသို့ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားသည်။ ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇလွန်မြို့နယ်ဦးစီးမှူး ဦးမြင့်ထွန်းအောင်က အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆) အချက်အလက်များ နည်းပညာအသုံးပြု၍ ကွန်ပျူတာအတွင်းရိုက်သွင်းခြင်းနှင့် Software Program အတွင်းသို့ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဝေယံ(ပြန်/ဆက်)

# ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် လုပ်သားများ၏ လူမှုစီးပွားဘဝ တိုးတက်စေနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အပံ့ရ

ရန်ကုန် စက်တင်ဘာ ၂

ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် လုပ်သားများ၏ လူမှုစီးပွားဘဝတိုးတက်စေနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အပံ့ရစေနိုင်သဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်ဆောင်ရွက်ရန်လိုကြောင်း အလုပ် သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ CMP အထည်ချုပ်စက်ရုံများမှ စက်ရုံတာဝန်ခံများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းက Yangon PanPacific International Co.,Ltd.၊ Arao နှင့် Fu Yean Garnment Co.,Ltd. အထည်ချုပ်စက်ရုံသို့ သွားရောက်၍ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ပိုမိုအားကောင်းလာစေရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး စက်ရုံတာဝန်ခံများနှင့် တွေ့ဆုံကာ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းမှုများ**



**ဖြစ်ပေါ်ခဲ့သဖြင့် စီးပွားရေး ပြန်လည်အားကောင်းအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စီးပွားရေးတွင် ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးစနစ်နှင့် ဘဏ်စနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ ကုန်သွယ်မှုများဆောင်ရွက်နိုင်မည်၊ ကုန်ထုတ်လုပ်မှုမှ လုပ်အားခများ ရရှိမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုများ ရှိလာမည်"**ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း။

CMP လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်ပြီး မြန်မာလုပ်သားထုနှင့် နိုင်ငံတော်အတွက် ရေတို၊ ရေရှည် အကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးလုပ်ငန်းဖြစ်ခြင်းကြောင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် CMP စက်ရုံများကို ဖွင့်လှစ်ခွင့်ပြုပြီး သက်ဆိုင်ရာဦးစီးဌာနများက စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကုန်ချောများ စံချိန်မီထုတ်လုပ်၍ အချိန်မီတင်ပို့ပေးနိုင်ရေးတွင် ကျွမ်းကျင်လုပ်သားများ၏ စွမ်းဆောင်မှုသည် များစွာအရေးပါကြောင်း၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA အနေဖြင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ပေးလျက်ရှိကြောင်း၊ လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်နှင့် မင်္ဂလာဒုံစက်မှုဇုန်များတွင် Assessment Center များ တည်ထောင်ထားရှိပြီး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိကြောင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းစေရေး၊ မျှတသည့် အလုပ်သမားရေးရာဆက်ဆံမှု ထူထောင်ရေး၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)နှင့် အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်များနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဒဂုံဆိပ်ကမ်းစက်မှုဇုန် ကနောင်ခန်းမ၌ ဖွင့်လှစ်သည့် Assessor Methology Training သင်တန်းဆင်းပွဲသို့ တက်ရောက်ပြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2 ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စီစဉ်ကျင်းပသည့် တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2 သီချင်းဆိုပြိုင်ပွဲအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD ရုပ်သံလိုင်းတွင် ယနေ့ညမှစတင်၍ ဒီဇင်ဘာ ၃၀ ရက်အထိ အပတ်စဉ် သောကြာနေ့ ည ၉ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းနှင့် ယခုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူတို့ကို ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2 တေးသီချင်းဆိုပြိုင်ပွဲ အုပ်စု(က) ပွဲစဉ် (၁) သီဆိုယှဉ်ပြိုင်မှုကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ယနေ့ညနေ ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ ပြိုင်ပွဲဝင် ကိုးဦးက Season-2 Level-1 အုပ်စု(က) ပွဲစဉ်(၁)တွင် ပြဋ္ဌာန်းသီချင်းယှဉ်ပြိုင်မှုကို တစ်ဦးချင်းသီဆိုယှဉ်ပြိုင်ခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် ပွဲစဉ်(၂)အဖြစ် အဆိုပါပြိုင်ပွဲဝင်ကိုးဦးက စိတ်ကြိုက်သီချင်းများကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စု(က)မှ အုပ်စု(င)အထိ ပွဲစဉ် ၁၀ ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဆိုဝါသနာရှင် တိုင်းရင်းသားလူငယ်များက ပြဋ္ဌာန်းသီချင်းနှင့် စိတ်ကြိုက်သီချင်းများကို အပတ်စဉ်အလှည့်ကျ ဆက်လက်သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စုတစ်ခုတွင် နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးကို Level-2 အတွက် ရွေးချယ်သွားမည်ဖြစ်သည်။

Level-2 ပြိုင်ပွဲတွင် စုစုပေါင်းပွဲစဉ် ခုနစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်၍ ဒိုင်ပေးမှတ်နှင့် ပရိသတ်၏ SMS Voting ရမှတ်တို့ဖြင့် ပွဲစဉ်တစ်ပွဲလျှင် ရမှတ်အနည်းဆုံး တစ်ဦးကို ပြိုင်ပွဲမှ နှုတ်ဆက်ထွက်ခွာစေမည်ဖြစ်ပြီး Level-3 (Grand Final) ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင် နောက်ဆုံးကျန်ရှိသည့် ပြိုင်ပွဲဝင် သုံးဦးတို့က ဆက်လက်သီဆိုယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ကျင်းပသည့် တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်မှ ပညာရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**ညိမ်းသူ-သတင်းစဉ်**
**ဓာတ်ပုံ - ကနူး**

# မင်္ဂလာတောင်ညွန့်မြို့နယ် 33kV ကနေဒီဓာတ်အားခွဲရုံကို 66kV ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင် တည်ဆောက်မည်

ရန်ကုန် စက်တင်ဘာ ၂

မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်တို့ကို ဓာတ်အားဖြန့်ဖြူးပေးထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ 33/6.6kV ကနေဒီ ဓာတ်အားခွဲရုံအား 66/33/6.6kV ဓာတ်အားခွဲရုံကြီးအဖြစ်အဆင့်မြှင့်တင်နိုင်ရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကနေဒီဓာတ်အားခွဲရုံအား လက်ရှိမြေနေရာအကျယ်အဝန်းထက် ပိုမိုတိုးချဲ့ခွင့်ပြုသတ်မှတ်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့က ပူးပေါင်းစစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါခွဲရုံဘေး မြေနေရာ၌ ပြုလုပ်ခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးတင်ဖေ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးကျော်သူ၊ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ကြပါစို့

■ မွေး (MA. Corruption and Governance, UK) ■

- ✻ **စီးပွားရေးကဏ္ဍတွင် အဂတိလိုက်စားမှုများ မြင့်မားလာလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းများ ကျဆင်းလာပြီး ပြည်သူများ၏ ဝင်ငွေမညီမျှမှုများ မြင့်မားလာကာ နောက်ဆက်တွဲအနေဖြင့် ဆင်းရဲနွမ်းပါးသည့်နှုန်း မြင့်မားလာပေမည်။**
- ✻ **စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး အုပ်ချုပ်ရေးစနစ်ကောင်းမွန်မှသာ ဆင်းရဲနွမ်းပါးမှုပပျောက်မည်ဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုကို သွယ်ဝိုက်ပြီး ဆိုးကျိုးသက်ရောက်စေသော အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ရေးနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ အန္တရာယ်မြင့်မားသော ဌာနအသီးသီးရှိ ဂယ်ပေါက်များကို ပိတ်ဆို့နိုင်ရေးသည် အလွန်အရေးကြီး**

**ဆင်းရဲနွမ်းပါးမှုနှင့် အဂတိလိုက်စားမှု**

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals) ကို ပြည့်မီစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၏ ပထမဆုံးဆောင်ရွက်ရမည့်အချက်မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကိုပါ ကမ္ဘာ့နိုင်ငံအသီးသီးမှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ရှုထောင့်ပေါင်းစုံမှ နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည်လည်း မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက်ဖြစ်ပေါ်ခြင်းမရှိသော်လည်း ကြီးမားသောဆိုးကျိုးသက်ရောက်မှုကို သွယ်ဝိုက်၍ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် အဂတိလိုက်စားမှု၏ ဆက်စပ်မှုကို လေ့လာရာတွင် သုတေသနပညာရှင်တို့က–

**ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ–** တစ်ဦးချင်းဝင်ငွေနည်းပါးမှု၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းနိမ့်ကျမှု၊ ထိခိုက်လွယ်သည့် လူတန်းစားအုပ်စုရာခိုင်နှုန်းများပြားခြင်း စသည့်အချက်များဖြင့် အကြမ်းဖျင်းသတ်မှတ်နိုင်ပါသည်။ ဆင်းရဲနွမ်းပါးမှုကို Gross National Income (GNI) – တစ်ဦးကျဝင်ငွေ၊ Human Access Index (HAI) – လူသားအရင်းအမြစ်ညွှန်းကိန်း၊ Economic Vulnerable Index (EVI) – စီးပွားရေးထိခိုက်နစ်နာလွယ်မှုညွှန်းကိန်း) စသည့်ညွှန်းကိန်းများဖြင့် တိုင်းတာသတ်မှတ်ပါသည်။

**အဂတိလိုက်စားမှုဆိုသည်မှာ–** ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌ အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို တွေ့ကြုံနေရပြီး အဂတိလိုက်စားမှုကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသော်လည်း အခြေခံအချက်မှာ ကွဲပြားမှုမရှိကြောင်း တွေ့ရှိရပါသည်။ Transparency International က အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ 'ပုဂ္ဂလိကအကျိုးစီးပွားအလို့ငှာ ယုံကြည်စွာအပ်နှံထားသော လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်း' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ United Nations Development Programme က အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဖော်မြူလာတစ်ခုကို ဖော်ထုတ်ခဲ့ပါသည်။

၎င်းဖော်မြူလာတွင် အဂတိလိုက်စားမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာကို တစ်ဦးတည်းချုပ်ကိုင်မှုနှင့် တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်တို့ကြောင့် တာဝန်ယူတာဝန်ခံမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ ပျောက်ကွယ်ဆုံးရှုံးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အဂတိလိုက်စားမှုတွင် အကြီးစားအဂတိလိုက်စားမှု၊ အသေးစားအဂတိလိုက်စားမှုအပြင် နိုင်ငံရေးဆိုင်ရာ အဂတိလိုက်စားမှုဖြစ်သည့် မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း၊ နိုင်ငံ၏မူဝါဒအပေါ် အုပ်ချုပ်သူတို့ အလိုရှိသကဲ့သို့ ခြယ်လှယ်ချုပ်ကိုင်ခြင်း၊ အခွင့်အာဏာရှိသူ၏ ဆွေမျိုး၊ မိတ်ဆွေကြီးပွားကောင်းစားရေးအတွက် ပြည်သူကအပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို မလျော်မကန်အသုံးပြုခြင်း စသည့် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ပုံစံအမျိုးမျိုးဖြင့် တွေ့ရှိရပါသည်။

**အဂတိလိုက်စားမှု၏ စီးပွားရေးနှင့် အုပ်ချုပ်ရေးအပေါ် သက်ရောက်မှု**

အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုဖြစ်ပွားစေသည့် အကြောင်းရင်းများတွင် တစ်ခုအဖြစ်ပါဝင်သည်။ အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက်မဖြစ်ပွားစေသော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် စီးပွားရေးနှင့် အုပ်ချုပ်ရေးတွင် တိုက်ရိုက်ဆိုးကျိုးသက်ရောက်စေသည်ဟု ပညာရှင်များက ထောက်ပြကြပါသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည့် နောက်ကွယ်မှ နှင်တံတစ်ခုအဖြစ် သွယ်ဝိုက်စွာရှိနေပါသည်။

နိုင်ငံတကာမှ ပညာရှင်များက စီးပွားရေးနှင့် အုပ်ချုပ်ရေးအပေါ် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ နမူနာပုံစံ (Paradigm) နှစ်ခုဖြင့် ဖွင့်ဆိုကြပါသည်။

**စီးပွားရေးအပေါ်အဂတိလိုက်စားမှု၏ဆိုးကျိုးသက်ရောက်မှုနမူနာပုံစံ(Economic Paradigm)**

စီးပွားရေးကဏ္ဍတွင် အဂတိလိုက်စားမှုများ မြင့်မားလာလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းများ ကျဆင်းလာပြီး ပြည်သူများ၏ ဝင်ငွေမညီမျှမှုများ မြင့်မားလာကာ နောက်ဆက်တွဲအနေဖြင့် ဆင်းရဲနွမ်းပါးသည့်နှုန်း မြင့်မားလာပေမည်။ ဥပမာ– အဂတိလိုက်စားမှုကို ထိန်းချုပ်ကိုင်တွယ်ခြင်းမပြုနိုင်သောတိုင်းပြည်တွင် ပြည်ပနိုင်ငံများမှ ထိရောက်အကျိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းလာခြင်း၊ စွန့်ဦးတီထွင်လိုသော လုပ်ငန်းငယ်လေးများက လာဘ်ပေးပြီး လုပ်ကိုင်ခွင့်နှင့် နေရာယူထားသော စီးပွားရေးလုပ်ငန်းများကို မယှဉ်ပြိုင်နိုင်ခြင်းတို့ကြောင့် စွန့်ဦးတီထွင်လိုစိတ်နည်းပါးသွားခြင်း၊ နောက်ဆုံးတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ မရပ်တည်နိုင်ခြင်းကို ဖြစ်ပေါ်စေပါသည်။ လက်တင်အမေရိကတွင် ကောက်ယူသော အဂတိလိုက်စားမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စစ်တမ်းတစ်ခု၌ အဂတိလိုက်စားမှုလျှော့ချနိုင်ခြင်းဖြင့် ၎င်းနိုင်ငံ၏ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများတွင် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုသည် တစ်နှစ်အတွင်း ရှစ်ရာခိုင်နှုန်းခန့် တိုးတက်လာပါကြောင်း ၂၀၀၈ ခုနှစ်တွင် ကောက်ယူသော The world bank climate survey က ဖော်ပြထားပါသည်။

**အုပ်ချုပ်ရေးအပေါ် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုနမူနာပုံစံ(Governance Paradigm)**

အုပ်ချုပ်ရေးအပေါ် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းပြီး ပညာရှင်တို့ ရေးဆွဲထားသော နမူနာပုံစံတွင် အဂတိလိုက်စားမှု မြင့်မားလာသောအခါ နိုင်ငံ၏အုပ်ချုပ်ရေး ယန္တရားနှင့် အုပ်ချုပ်မှုစွမ်းရည်မှာ ကျဆင်းသွားပါကြောင်း၊ ၎င်းသို့ကျဆင်းသွားသောကြောင့် အစိုးရက ပြည်သူ့အတွက် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ ဆောက်လုပ်ရေးနှင့် အခြားသောဝန်ဆောင်မှု၏ အရည်အသွေးများ နိမ့်ပါးကျဆင်းလာပါသည်။ ဥပမာ– အခွန်ကောက်ခံသည့်ကိစ္စတွင် အခွန်ရှောင်တိမ်းမှုများလာပါက အများပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးအတွက် သုံးစွဲရမည့် ဘတ်ဂျက်များသည် အခွန်ဘဏ္ဍာအပေါ်တွင် မှီခိုနေရသည့်အတွက် ရသင့်ရထိုက်သော အရည်အသွေးပြည့်ဝပြီး လုံလောက်သည့် ဝန်ဆောင်မှုမျိုး မရနိုင်တော့ပါ။ လမ်း၊ တံတားနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံဆောက်လုပ်ခြင်းစသည့် ကိစ္စရပ်တွင် အဂတိလိုက်စားမှုများရှိပါက အရည်အသွေးပြည့်မီသော အဆောက်အအုံများ မရနိုင်တော့ဘဲ အဆုံးတွင် အစိုးရ၏ဝန်ဆောင်မှုကို ရယူနေကြရသည့် ပြည်သူတို့၏ ဘဝအရည်အသွေးပါ နိမ့်ကျစေပါသည်။ ပြည်သူတို့အနေဖြင့်လည်း အများပြည်သူဆိုင်ရာ အခမဲ့ရယူနိုင်သည့် ဝန်ဆောင်မှုကဏ္ဍ အသီးသီးတို့တွင် လာဘ်လာဘများပေးပြီး ကျခံသုံးစွဲနေရကြောင်း တွေ့ရပါသည်။

အဂတိလိုက်စားမှုကြောင့် ပြည်သူလူထုအကြား ဝင်ငွေမညီမျှမှုကို ဖြစ်ပေါ်လာစေပြီး လူတန်းစားကွာဟမှုကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲချမ်းသာကွာဟမှုကြီးမားသော နိုင်ငံများတွင် လူတိုင်းအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးပြီး လူတန်းစားကွာဟချက် ကြီးမားလာကာ မလိုလားအပ်သော ပြစ်မှု(မှုခင်းများ)၊ အဓိကရုဏ်းများနှင့် ပြည်သူတစ်ဦးချင်းစီ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ ရရှိစေပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းသုံးသွယ်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်သက်ဆိုင်သည့် သီအိုရီများ၊ နည်းလမ်းများနှင့် နမူနာပုံစံများ အမျိုးမျိုးထွက်ရှိခဲ့သော်လည်း အဓိကသီအိုရီသုံးခုမှာ– Principal – Agent theory၊ Collective approach theory၊ Institutionalism theory တို့ဖြစ်သည်။

**Principal–Agent Theory –** ၎င်းသီအိုရီတွင် အုပ်ချုပ်သူများသည် အစိုးရယန္တရားကို လည်ပတ်ပေးသည့် အစိုးရဝန်ထမ်းများ၏ ဆောင်ရွက်ချက်များ၊ လုပ်ငန်းတာဝန်နှင့်ပတ်သက်သည့် အသေးစိတ်ကိစ္စရပ်များနှင့် သတင်းအချက်အလက်များကို အလုံးစုံမသိရှိနိုင်သောကြောင့် အစိုးရယန္တရားတွင် ဝန်ဆောင်မှုပေးခြင်း/ရယူခြင်းလုပ်ငန်းများနှင့် တိုက်ရိုက်ထိတွေ့ရသော အကျင့်ပျက်သည့် ဝန်ထမ်းများက လက်တစ်လုံးခြား အဂတိလိုက်စားနေကြသည်။ ထိုသို့ အကျင့်ပျက်သည့် ဝန်ထမ်းများအား တိုင်ကြားသူရှိပါက ဥပဒေဖြင့် အရေးယူခြင်းပုံစံမျိုးဖြစ်သည်။ ၎င်းသီအိုရီကို အခြေခံ၍ ၁၉၈၀ ပြည့်လွန်နှစ်များ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့သော်လည်း တိုင်ကြားသူရှိမှ၊ သက်သေခိုင်လုံမှသာ ဖမ်းဆီးအရေးယူနိုင်သောအားနည်းချက်များကြောင့် ၎င်းသီအိုရီထက် ပိုမိုသင့်လျော်မည့် Collective Approach Theory အား ဖော်ထုတ်ခဲ့ကြသည်။

**Collective Approach Theory –** ၎င်းသီအိုရီတွင် အုပ်ချုပ်သူအစိုးရ၊ နိုင်ငံ့ယန္တရားကို မောင်းနှင်လည်ပတ်ပေးသူ ပြည်သူ့ဝန်ထမ်းနှင့် ပြည်သူလူထုတစ်ရပ်လုံးသည် အဂတိလိုက်စားမှု၏ ဆိုးကျိုးကို နားလည်သဘောပေါက်ကြပြီး စုပေါင်းတိုက်ဖျက်ရန် ရည်ရွယ်ထားသည့် သီအိုရီဖြစ်ပါသည်။ ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရ လက်တွဲပြီးစုပေါင်းကာ အဂတိတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ပြုလုပ်ရန် အဆိုပြုသည့် Collective Approach Theory အား ဆယ်စုနှစ်နှစ်ခုနီးပါး တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြပါသည်။ သို့သော် လူထုတစ်ရပ်လုံးသည် စုပေါင်းပြီး အဂတိလိုက်စားမှုကို တိုက်ဖျက်လိုသည့် ဆန္ဒရှိကြသော်လည်း လူ့သဘောသဘာဝအရ ကိုယ်ကျိုးစီးပွားအတွက် ရှေ့တန်းတင်ကြသည့်အခါ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားအလွှာအသီးသီးရှိ လာဘ်ပေးလိုသူ၊ လာဘ်ယူလိုသူတို့သည် စုပေါင်းမိ၍ ဟန်ချက်ညီညီ အုပ်စုဖွဲ့ပြီး အဂတိလိုက်စားမှုကို ကျူးလွန်သည့် (Collective Action Problem) ပြဿနာတစ်ရပ် ဖြစ်ပေါ်လာတော့သည်။ နောက်ပိုင်းတွင် ၎င်းသီအိုရီထက် ပိုမိုအားကောင်းသည့် Institutionalism theory ကို ဖော်ထုတ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် အသုံးပြုလာပါသည်။

**Institutionalism theory –** ၎င်းသီအိုရီတွင် အစိုးရ၏ ယန္တရားရှိ စနစ်တစ်ခုလုံးကို ခိုင်မာအောင် ဂယ်ပေါက်မရှိစေရေးအတွက် ဌာနအသီးသီးတွင် လုပ်ထုံးလုပ်နည်းများ၊ တိကျသော စံသတ်မှတ်ချက်နှင့် ညွှန်းကိန်းများ၊၊ E-government system များ၊ တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်လျော်ညီသော လုပ်ထုံးလုပ်နည်းများဖြစ်အောင်ဆောင်ရွက်နိုင်ရေးနှင့် **စာမျက်နှာ ၇ သို့** ❖



## မော်လမြိုင်မြို့၌ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂**

မွန်ပြည်နယ် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီမှ ကျောင်းသား ကျောင်းသူများက ရှုမငြီးဖွယ် ကကြိုး ၁၂ သွယ် ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက် ကပြကြပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးတေး၊ ခေတ်ဟောင်းနှင့် ကာလပေါ်တေးများဖြင့် ယှဉ်ပြိုင်ခဲ့ကြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

မွန်ပြည်နယ် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) အဆိုပြိုင်ပွဲတွင် မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်ပညာရေး ဒီဂရီကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး(အမျိုးသား) သုံးဦး၊ (အမျိုးသမီး) ရှစ်ဦး၊ ခေတ်ဟောင်းနှင့် ကာလပေါ်တေး (အမျိုးသား) နှစ်ဦးနှင့် (အမျိုးသမီး) လေးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကယားပြည်နယ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၂**

ကယားပြည်နယ် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမြတ်မင်းမိုးနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် ဖျော်ဖြေရေးအဖွဲ့များက ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအက၊ ပွဲကြိုက်ခင်တေးသီချင်း (အဆို၊ အက)၊ အမျိုးသမီး တစ်ပင်တိုင်တီးလုံးအက၊ အင်းသားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအက၊ အမျိုးသားတစ်ပင်တိုင်တီးလုံးအကများဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖျော်ဖြေရေး အကအဖွဲ့များနှင့် မြန်မာ့ရိုးရာဆိုင်းဝိုင်းအဖွဲ့သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအကဲဖြတ်ဒိုင်အဖွဲ့များ၊ တိုင်းရင်းသားအကအဖွဲ့များ၊ ပြိုင်ပွဲဝင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်များ၏ ကဏ္ဍအလိုက် အဆို၊ အက၊ အရေး၊ အတီး ပါဝင်ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**




❖ စာမျက်နှာ ၆ မှ

အစိုးရယန္တရားတစ်ခုလုံး အားကောင်းခိုင်မာမှသာလျှင် အဂတိလိုက်စားမှု လျှော့ချနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားသည့် သီအိုရီဖြစ်ပါသည်။ ၎င်းသီအိုရီကို ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှု အရှိန်အဟုန်ကောင်းသော ဒီမိုကရေစီနိုင်ငံများတွင် အသုံးပြုလျက်ရှိပါသည်။

### မြန်မာနိုင်ငံ၏အဂတိလိုက်စားမှု တိုက်ဖျက်ရေးပုံစံ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းခဲ့ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃/၂၀၁၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည့် ၁၇-၉-၂၀၁၃ မှ စတင်ကာ အာဏာတည်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သော ၂၀၁၄ ခုနှစ်မှစ၍ အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးအရေးယူခြင်းများ ပြုလုပ်နိုင်ရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ပညာပေးရေးအစီအစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်များ ချမှတ်ခြင်း၊ ကော်မရှင်တွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ရေးဆွဲထုတ်ပြန်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပြင်ဆင်ခြင်းနှင့် နည်းဥပဒေများရေးဆွဲခြင်း၊ တိုင်ကြားစာများကို စနစ်တကျကိုင်တွယ်ခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Units) ဖွဲ့စည်းပြီး ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့များတွင် ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ကော်မရှင်၏ ပထမသက်တမ်းမှ ယခု တတိယသက်တမ်းအထိ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်းကို မြင်တွေ့ရပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်မှစတင်ကာ ယနေ့အထိ အစိုးရယန္တရား ခိုင်မာအားကောင်းစေရေးအတွက်လည်း ဝန်ကြီးဌာနအသီးသီးတွင် လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ ပြင်ဆင်ပြောင်းလဲပြီး ပြည်ထောင်စုဝန်ကြီးဌာနအလိုက် မဟာဗျူဟာအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ရမည်ဆိုလျှင် ကမ္ဘာ့နိုင်ငံများတွင် အသုံးများသည့် စုပေါင်းတိုက်ဖျက်ရေး နည်းလမ်းသီအိုရီ (Collective Approach Theory) သာမက အစိုးရယန္တရားရှိ ဌာနအသီးသီးတွင် ဂယ်ပေါက်မရှိစေရေး အားကောင်းခိုင်မာစေရေး၊ အဂတိလိုက်စားမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုးပမ်းနေကြောင်း တွေ့ရှိရသောကြောင့် (Institutionalism Theory) ကိုပါ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း တွေ့ရှိရပါသည်။

### နိဂုံး

စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး အုပ်ချုပ်ရေးစနစ်ကောင်းမွန်မှသာ ဆင်းရဲနွမ်းပါးမှုပပျောက်မည်ဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုကို သွယ်ဝိုက်ပြီး ဆိုးကျိုးသက်ရောက်စေသော အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ရေးနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေအန္တရာယ်မြင့်မားသော ဌာနအသီးသီးရှိ ဂယ်ပေါက်များကို ပိတ်ဆို့နိုင်ရေးသည် အလွန်အရေးကြီးလှပေသည်။ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တစ်ခုကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိုးတက်မှုများကို အဟန့်အတားဖြစ်စေပြီး ဆင်းရဲနွမ်းပါးမှုကို သွယ်ဝိုက်ဖြစ်စေသည့် အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်မှသာ နိုင်ငံသားတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းလာနိုင်မည်ဖြစ်သဖြင့် **"အဂတိပယ်ခွာ၊ ပြည်သာယာဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့"** ဟု တိုက်တွန်းလိုက်ရပါသည်။

**ရည်ညွှန်းကိုးကား -**


1. Corruption and Poverty
2. Corruption and Development
3. Why Corruption is matter: understanding causes, effects and how to address them
4. Why Anti– Corruption Reform Fails


■

## ဓနုဖြူမြို့နယ်၌ ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ဓနုဖြူ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် တော်ဝချောင်းမ သဘာဝရေပြင်အတွင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးသယံဇာတများရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

**တက်ရောက်**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ ဒုတိယမြို့နယ်ရဲမှူးတင့်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မအူပင်ခရိုင်နှင့် ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မအူပင်မြို့နယ် အောင်ဟိတ်ငါးလုပ်ငန်းစခန်း တာဝန်ခံနှင့်အဖွဲ့၊ တော်ဝကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အင်းသားကြီးများ၊ ရေလုပ်သားများတက်ရောက်ကြပြီး အောင်ဟိတ်ငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၃၀၀၀၀၀၊ ထိုင်းငါးခုံးမငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ ကို တော်ဝကျေးရွာ တော်ဝချောင်းမ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

■



# ဆီဆိုင်-တောင်ကြီးသွားရင် ကားခ ကျပ် ၅၀၀၀ ပေးရပြီး ရထားနဲ့သွားမယ်ဆိုရင် ကျပ် ၂၅၀၀ သာဖြစ်လို့ ကုန်ကျစရိတ်တစ်ဝက်သက်သာစေပါတယ်

ဦးဘုန်းမြင့်ဆွေ

တောင်ကြီး - ဆိုက်ခေါင် လမ်းပိုင်းရှိ တောင်ကြီး - ဘန်းယဉ်ခရီးစဉ် အမှတ် (၁၅၃) အဆန်၊ အမှတ် (၁၅၄) အစုန်ရထားကို စက်တင်ဘာ ၁ ရက်နေ့က ပြန်လည်ပြေးဆွဲခဲ့သည်။ အဆိုပါ ခရီးစဉ် ပြန်လည် ပြေးဆွဲမှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -


ဦးဘုန်းမြင့်ဆွေ


ဦးခွန်ခင်အောင်


ဒေါ်နန်းခမ်းဖြူ


ကိုဇာနည်


မနွယ်နီဝင်း

**ဦးဘုန်းမြင့်ဆွေ**
**ဒုရုံပိုင်မှူး**

**မေး။** ရထားပြန်လည်ပြေးဆွဲပေးတဲ့အခြေအနေနဲ့ပတ်သက်လို့ ပြောပြပေးစေလိုပါတယ်။

**ဖြေ။** ဒီရထားလမ်းကို ကိုဗစ်ကာလမှာ ယာယီရပ်နားထားပြီးတော့ ၁-၉-၂၀၂၂ရက်နေ့မှာ လမ်းပိုင်းကို အဆင့်မြှင့်တင်ပြီး ပြန်လည်ပြေးဆွဲခဲ့တာဖြစ်ပါတယ်။ ရထားပြေးဆွဲတဲ့မိုင်နှုန်းကတော့ ဘန်းယဉ်ဘူတာကနေ တောင်ကြီးဘူတာအထိ ၃၃ ဒသမ ၇၅ မိုင်ရှိပါတယ်။ ရထားစီးခ လက်မှတ်အနေနဲ့တော့ ဘန်းယဉ်-နောင်အယ်ကို ငွေကျပ် ၁၀၀၊ ဘန်းယဉ်-ကက္ကူကို ငွေကျပ် ၇၀၀၊ ဘန်းယဉ်-ဟမ်းဆီးကို ငွေကျပ် ၁၁၀၀၊ ဘန်းယဉ်-နောင်ကားကို ငွေကျပ် ၁၆၀၀၊ ဘန်းယဉ်-ဖာမွန်းကို ငွေကျပ် ၂၀၀၀၊ ဘန်းယဉ်-တောင်ကြီးကို ငွေကျပ် ၂၅၀၀ ဖြစ်ပါတယ်။

ဒေသခံပြည်သူတွေ တောင်းဆိုချက်အရ တောင်ကြီး-ဆိုက်ခေါင် လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ် ခရီးစဉ်အမှတ်(၁၅၃)အဆန်နဲ့ အမှတ်(၁၅၄)အစုန်ရထားကို ပြန်လည်ပြေးဆွဲပေးတာ ဖြစ်ပါတယ်။ ဘန်းယဉ်ဘူတာကနေပြီးတော့ အစုန်(၁၅၄)ကို နံနက် ၅ နာရီ ထွက်ပြီး တောင်ကြီးကို နံနက် ၈ နာရီ ဆိုက်ရောက်ပါတယ်။ အရင်က တွဲဆိုင်း အဟောင်းနဲ့ ပြေးဆွဲခဲ့ပေမယ့် အခုတော့ ပြည်သူတွေအတွက် ပိုမို အဆင်ပြေစေဖို့ တွဲဆိုင်းအသစ်တွေနဲ့ ပြန်လည်စတင်ပြေးဆွဲပေးခဲ့ပါတယ်။ ဆီဆိုင်-တောင်ကြီးသွားရင် ကားခကျပ် ၅၀၀၀ ပေးရပြီး ရထားနဲ့သွားမယ်ဆိုရင် ငွေကျပ် ၂၅၀၀ သာဖြစ်လို့ ကုန်ကျစရိတ် တစ်ဝက်သက်သာစေပါတယ်။

**ဦးခွန်ခင်အောင်**
**ကျောင်းချယ်ကျေးရွာ**
**ဘန့်ဗွီးကျေးရွာအုပ်စု**
**ဆီဆိုင်မြို့နယ်**

**မေး။** ရထားလမ်း ပြန်လည်ပြေးဆွဲပေးတဲ့အပေါ်မှာ ဒေသခံ ပြည်သူတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရပါသလဲ။

**ဖြေ။** အခုလိုရထားပြန်လည်ပြေးဆွဲပေးတဲ့အတွက် ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်ကြီးဈေးနေ့ရောက်တိုင်း ကျွန်တော်တို့ ဈေးသည်တွေ၊ ကုန်သည်တွေ တောင်ကြီးဈေးကို သွားရောင်းကြတယ်။ ကျွန်တော်တို့ ဒေသထွက်ကုန်ဖြစ်တဲ့ ပြောင်း၊ နာနတ်၊ ထောပတ်၊ မြေပဲ၊ ကြက်သွန် စတဲ့စိုက်ပျိုးသီးနှံကို လွယ်ကူလျင်မြန်စွာနဲ့၊ ဈေးနှုန်း သက်သက်သာသာနဲ့ သယ်ယူပို့ချနိုင်တယ်။

နောက်ပြီး ကျွန်တော်တို့ ခရီးသွားပြည်သူတွေအနေနဲ့လည်း ကက္ကူဘုရားနဲ့ တောင်ကြီးမှာရှိတဲ့ အထင်ကရဘုရားတွေကို သွားရောက်ဖူးမြော်နိုင်တယ်။ ဒီရထားလမ်းက ပိတ်ထားတာ ကိုဗစ်-၁၉ ရောဂါဖြစ်ပြီးနောက် တစ်နှစ်ခွဲလောက်ရှိပြီ။ အခုလို ပြန်လည်ပြေးဆွဲပေးတဲ့အတွက် ဒေသထွက်ကုန် ရောင်းဝယ်ရာမှာ သယ်ယူစရိတ် ကုန်ကျမှုသက်သာပြီး အရောင်းအဝယ် ပိုပြီးအဆင်ပြေလာတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ရထားလမ်း အခုလိုပြန်လည်ဖွင့်လှစ်ပြီး ပြေးဆွဲပေးတဲ့အတွက် တာဝန်ရှိသူတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

**ဒေါ်နန်းခမ်းဖြူ**
**ဒေသထွက်ကုန်နှင့် ငှက်ပျောသီးရောင်းချသူ**
**ဟမ်းဆီးတောင်ရွာ**
**ကျောက်တလုံးကြီးမြို့၊ တောင်ကြီးမြို့နယ်**

အရင်က ဒေသထွက်သီးနှံတွေကို အသွားအပြန် မီးရထားနဲ့ လာရောင်းချလို့ရတဲ့အတွက် ဈေးနှုန်းသက်သာခဲ့ပါတယ်။ ကိုဗစ်ကာလမှာ ရထားတွေရပ်နားထားလို့ ကားနဲ့လာရောင်းရတော့ ကုန်ဈေးနှုန်း၊ ကားခဈေးကြီးမှုနဲ့ ကြုံတွေ့ရပါတယ်။ အခုလို ရထားလမ်းပိုင်း ပြန်လည်ပြေးဆွဲပေးတဲ့အတွက် ဈေးနှုန်းသက်သာစွာနဲ့ ရောင်းဝယ်ဖောက်ကားမှု လွယ်ကူတာမို့ ရထားလမ်းကို ရာသက်ပန်ပြေးဆွဲပေးစေလိုပါတယ်။ ပြေးဆွဲပေးတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

**ကိုဇာနည်**
**ဒေသထွက်ကုန်နှင့် ဘုရားပန်းရောင်းချသူ**
**ကက္ကူကျေးရွာ**
**ကျောက်တလုံးကြီးမြို့၊ တောင်ကြီးမြို့နယ်**

အခုလို ရထားလမ်းပြန်လည်ပြေးဆွဲပေးတဲ့အတွက် ဒေသထွက်ကုန်ပစ္စည်းတွေ တင်ဆောင်ရလွယ်ကူပြီး အကျိုးအမြတ်ပိုမိုရရှိတဲ့အတွက် စားဝတ်နေရေး ပိုအဆင်ပြေပါတယ်။ ဒေသထွက်ကုန်ပစ္စည်းတွေကို နေ့စဉ်ရထားနဲ့ လာရောက်ပို့ဆောင်ရောင်းချရတဲ့အတွက် အဆင်ပြေတာမို့ ကျေးဇူးတင်ပါတယ်။

**မနွယ်နီဝင်း**
**ခရီးသည်**
**ဖာမွန်းကျေးရွာ၊ တောင်ကြီးမြို့နယ်**

ဖာမွန်းကနေ တောင်ကြီးကို မော်တော်ဆိုင်ကယ်နဲ့ လာရောက်လည်ပတ်ရတော့ သွားလာစရိတ်ကြီးမြင့်တဲ့အတွက် အဆင်မပြေဘူး။ အခုရထားနဲ့ ဖာမွန်းကနေတောင်ကြီးကို လာရောက်လည်ပတ်ရတဲ့အခါ အချိန်ပိုရပြီး အဆင်ပြေပါတယ်။ ဝမ်းသာကျေနပ်ပါတယ်။


ခွန်တင်အောင်ဝင်း


မနန်းနွယ်နွယ်ဝင်း

**ခွန်တင်အောင်ဝင်း**
**ဒေသထွက်ပစ္စည်း ရောင်းချသူ**
**ဟမ်းဆီးကျေးရွာ**
**ကျောက်တလုံးကြီးမြို့၊ တောင်ကြီးမြို့နယ်**

ဒေသထွက်ကုန်တွေကို အရင်က မော်တော်ဆိုင်ကယ်နဲ့ လာရောင်းချရတော့ အဆင်မပြေဘူး။ အခုရထားနဲ့ သယ်ဆောင်ရောင်းချရတာ အဆင်ပြေပါတယ်။ ကုန်ကျစရိတ်သက်သာတော့ အမြတ်ငွေပိုမိုရရှိပါတယ်။ အခုလို ရထားလမ်း ပြန်လည်ပြေးဆွဲပေးတဲ့အတွက် အလွန်အဆင်ပြေပါတယ်။

**မနန်းနွယ်နွယ်ဝင်း**
**ဟမ်းဆီးကျေးရွာနေ ဈေးရောင်းဈေးဝယ်သူ**
**ကျောက်တလုံးကြီးမြို့၊ တောင်ကြီးမြို့နယ်**

အရင်တုန်းက တောင်ကြီးဈေးမှာရောင်းဖို့ ဈေးပတ်ကားနဲ့ လာရတော့ အသွား-အပြန် ကုန်ကျစရိတ်ကြီးမြင့်တယ်။ အခု တောင်ကြီးနဲ့ ဟမ်းဆီးကို ရထားနဲ့လာရောင်းချရတာမို့ ကုန်ကျစရိတ် သက်သာပါတယ်။ ရထားနဲ့ လာရတဲ့အတွက် အမြတ်ငွေပိုကျန်တယ်။ အခုလိုရထားပြန်လည်ပြေးဆွဲပေးတဲ့အတွက် ဝမ်းသာပါတယ်။ အရင်က မော်တော်ယာဉ်နဲ့ သွားရတော့ ကားခဈေးနှုန်းကြီးမြင့်ပြီး စားဝတ်နေရေး ခက်ခဲပါတယ်။ အခုရထားနဲ့ဆိုတော့ လာရောင်းချရတာ အချိန်ပိုရပြီး အမြတ်ငွေပိုကျန်တဲ့အတွက် အခုလိုရထား ပြန်လည်ပြေးဆွဲပေးတာကို ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း- မောင်မောင်သန်း(တောင်ကြီး)**
**ဆီဆိုင် (ပြန်/ဆက်)**



## အိမ်ထောင်စုစာရင်းနှင့် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၂

ပုသိမ်မြို့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပေးပို့လာသည့် စာရင်းဇယားများအား မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စိစစ်၍ ပြင်ဆင်/ဖြည့်စွက်/ပယ်ဖျက်ခြင်း လုပ်ငန်းများကို စက်တင်ဘာ ၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပုသိမ်မြို့နယ် ကိုးဆူစံပြကျေးရွာတွင် ပုသိမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အဖွဲ့ဝင်(၃) မြို့နယ် လဝက ဦးစီးမှူး ဦးကျော်ထွန်းနှင့် ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ အထောက်အကူပြုအဖွဲ့များက စာရင်းဇယားများနှင့် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စိစစ်၍ ပြင်ဆင်/ဖြည့်စွက်/ပယ်ဖျက်ခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက် ၁၅ ခုတွင် အိမ်ထောင်စုစာရင်းနှင့် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးပြီးစီးပြီဖြစ်ပြီး ကျေးရွာများသို့ ယနေ့မှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပုသိမ်မြို့နယ်အနေဖြင့် လဝက စာရင်းပုံစံ(၆၆/၆)များအား eID စနစ်ဖြင့် ဇူလိုင် ၁၈ ရက်မှစတင်ကာ ပုသိမ်မြို့ စုပေါင်းရုံးခန်းမ၌ ဖြည့်သွင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိရာ စက်တင်ဘာ ၁ ရက်အထိ ၅၃ ဒသမ ၁ ရာခိုင်နှုန်း ဖြည့်သွင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မြင့်ဟန်(ပြန်/ဆက်)

■ ကျောဖုံးမှ

စသည့်အချက်များပါရှိကြောင်း တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၈၇)အရ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေကို ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၉-၃-၂၀၁၂ ရက်နေ့တွင် စတင် အာဏာတည်ခဲ့ပါသည်။

၄။ အလုပ်သမားများသည် အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းလိုပါက အလုပ်သမားအဖွဲ့အစည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားသည့် အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားအဖွဲ့အစည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိပါသည်။

၅။ ထို့ပြင် နိုင်ငံ၏တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုထိခိုက်စေသည့် အကြမ်းဖက်ခြင်း၊ ဆူပူမှုဖြစ်စေရန်ဆောင်ရွက်ခြင်း စသည့် အပြုအမူများကို လုပ်ဆောင်သည့် မည်သူမဆို နိုင်ငံ၏သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ပါသည်။

၆။ အလုပ်သမားအဖွဲ့အစည်း (၁၆)ဖွဲ့နှင့်ပတ်သက်၍ "တရားမဝင် အဖွဲ့အစည်းများ" အဖြစ် ကြေညာခဲ့ခြင်းမဟုတ်ဘဲ အဆိုပါ(၁၆) ဖွဲ့သည် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားဝန်ကြီးဌာနတွင် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ဖွဲ့စည်းထားခြင်းမရှိဘဲ အလုပ်သမားအဖွဲ့အစည်း အမည်ခံ၍ အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများမဟုတ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်ပါသည်။

၇။ ၁-၂-၂၀၂၁ ရက်နေ့နောက်ပိုင်းတွင်လည်း ယခင်ကာလများကဲ့သို့ပင် အလုပ်သမားများအနေဖြင့် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ သက်ဆိုင်ရာမြို့နယ်မှတ်ပုံတင်အရာရှိများနှင့် မှတ်ပုံတင်အရာရှိချုပ်ထံ အလုပ်သမားသမဂ္ဂအဖြစ် တရားဝင်မှတ်ပုံတင်လျှောက်ထားခဲ့၍ ၁-၂-၂၀၂၁ ရက်နေ့မှ ၃၀-၈-၂၀၂၂ ရက်နေ့အထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁ ဖွဲ့နှင့် တိုင်းဒေသကြီးအလုပ်သမားအဖွဲ့အစည်း ၂ ဖွဲ့တို့ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခဲ့ပြီး တည်ဆဲဥပဒေများနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများအပေါ် မည်သည့်ကန့်သတ်မှုမျှမရှိဘဲ အလုပ်သမားအဖွဲ့အစည်းများထပ်မံဖွဲ့စည်းမှုရှိပါသည်။

၈။ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၇၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၆၀ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ၉ ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၁ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၇ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့ စုစုပေါင်း ၃၁၀၀ ဖွဲ့တို့အား မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။

၉။ သို့ဖြစ်ပါ၍ ILO Website တွင် "ကြမ်းတမ်းသောအခက်အခဲကို ဖြတ်ကျော်ခြင်း- မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ ကြံ့ကြံ့ခံနိုင်မှု"(Riding out the storm: Organizational resilience of trade unions and civil society organizations following the military takeover in Myanmar) ခေါင်းစဉ်ဖြင့် ILO Brief လွှင့်တင်ထားရာတွင်ပါရှိသည့် "အလုပ်သမားအဖွဲ့အစည်း (၁၆)ဖွဲ့ကို တရားမဝင်အဖွဲ့အစည်းများအဖြစ်ကြေညာခဲ့သည်" ဟူသည့်အချက်နှင့် အလုပ်သမားများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းမှုမရှိကြောင်း၊ စည်းရုံးရေးလှုပ်ရှားမှုမှန်သမျှကို အာဏာပိုင်များက တရားမဝင်ဟုသတ်မှတ်ကြောင်း" မမှန်မကန်ဖော်ပြချက်များကို ပြင်းထန်စွာကန့်ကွက်သည်။

အလုပ်သမားဝန်ကြီးဌာန

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်။

# မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

၂၀၂၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲနှင့် အသက်(၁၈)နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေး၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက အဖွင့်အမှာစကား ပြောကြားပြီးနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြကာ ဝန်ကြီးနှင့်တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများပေးအပ်ပြီး ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို အားပေးကြည့်ရှုကြရာ မိတ္ထီလာခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

၂၀၂၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်မှ ၇ ရက်အထိ အုပ်စု လေးအုပ်စုဖြင့် ရွှေမန်းတောင် အားကစားကွင်းတွင် လည်းကောင်း၊ အသက်(၁၈)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၃ မှ ၈ ရက်အထိ အုပ်စု လေးအုပ်စုဖြင့် အောင်မြေမန္တလာအားကစားကွင်းတွင် လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖလမ်းမြို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



**ဖလမ်း စက်တင်ဘာ ၂**

ချင်းပြည်နယ်ဖလမ်းမြို့၌ကျောင်းသားကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှု၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု၊ ကျောင်းလုံခြုံရေးဆောင်ရွက်ထားမှု အခြေအနေများကို စက်တင်ဘာ ၁ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊နံနက် ၁၁ နာရီတွင် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် လည်းကောင်း ရောက်ရှိကာ ကျောင်းအပ်နှံမှုနှင့် အေးချမ်းစွာပညာသင်ကြားနေမှုအခြေအနေ၊ ကျောင်းတွင်းကျောင်းပြင်သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားမှု၊ ကျောင်းလုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျောင်းတက်ရောက်ပညာသင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ပညာရေးမှူးနှင့်သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စံပြလယ်ကေ ၁၀၀ ရှိ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအိတ် ၁၀၀ ထောက်ပံ့ပေးအပ်

**ကျောင်းကုန်း စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာရှိ စနစ်တကျ ဖော်ထုတ်ထားသော လယ်မြေဧက ၁၀၀ ၌ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးသော တောင်သူများအား ယူရီးယားဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက စံပြလယ်ကေ ၁၀၀ တွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဌေးက ၂၀၂၂ ခုနှစ် မိုးစပါးရာသီ တစ်ဧက တင်း ၁၀၀ နှုန်းထွက်ရှိစေရေး ဧက ၁၀၀ စံပြကွက်ရှိ တောင်သူများအား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စံပြဧက ၁၀၀ မှ တောင်သူများ တက်ရောက်ကြပြီး မိုးစပါးစိုက်ပျိုးသော ကောက်ကြီးကုန်းကျေးရွာ၊ မင်းမနိုင်ကျေးရွာ၊ အုန်းတောကျေးရွာနှင့် ကုလားစုကျေးရွာတို့မှ တောင်သူ ၁၃ ဦး၏ စိုက်ဧက ၁၀၀ အတွက် ယူရီးယား ဓာတ်မြေဩဇာအိတ် ၁၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အိမ်ထောင်စုလူဦးရေစာရင်း မှတ်ပုံတင်ခြင်းစနစ် ဆော့ဖ်ဝဲထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ငပုတော စက်တင်ဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ်တွင် အိမ်ထောင်စုလူဦးရေ စာရင်း(ပုံစံ-၆၆/၆) အချက်အလက်များကို e-ID စနစ်ဖြင့် ဆော့ဖ်ဝဲထည့်သွင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။



ရှေးဦးစွာ ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန OSS ရုံးနှင့်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ငပုတောမြို့နယ် ဦးစီးမှူးရုံး တို့တွင် အိမ်ထောင်စုလူဦးရေ စာရင်း(ပုံစံ-၆၆/၆) အချက်အလက်များကို e-ID စနစ်ဖြင့် ဆော့ဖ်ဝဲထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကော်မရှင်ရုံးတွင် မဲဆန္ဒရှင်ပြည်သူများ၏ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေး မြေပြင်အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကာလအတွင်း ပြည့်စုံမှန်ကန်စွာ ပြီးစီးရေး မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## အင်္ဂပူမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဒေသခံပြည်သူများတွေ့ဆုံဆွေးနွေး



**အင်္ဂပူ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်း မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ယမန်နေ့ နေ့လယ်ပိုင်းက ကျွဲဇင်းအုပ်စု ကျွဲဇင်းကျေးရွာ ဓမ္မာရုံတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက နယ်မြေလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ဆောင်ရွက်ပေးနေမှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှုများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

အဆိုပါမြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို အင်္ဂပူမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၄ ခုတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



## မအူပင်မြို့နယ်၌ ဌာနဆိုင်ရာများနှင့် ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**မအူပင် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် နယ်မြေစိုးမိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ရွှေတောင်မော်ကျေးရွာအုပ်စု ရွှေသိမ်တော်ကျောင်း တန်ဆောင်းတော်ကြီးတွင် ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွှယ်မှု မရှိစေရေး၊ မှုခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးနှင့် ပညာသင်ယူခွင့်ရရှိရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုဆိုင်ရာများ၊ စိုက်ပျိုးရေးဆိုင်ရာများ၊ တိရစ္ဆာန်များ အခမဲ့ဆေးထိုးနှံပေးမှုဆိုင်ရာများ၊ ကျေးရွာလမ်းဆောင်ရွက်မှုများစသည့် လုပ်ငန်းကိစ္စရပ်အသီးသီးကို သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံနှင့် နွေစပါးလျာထားချက်ပြည့်မီကျော်လွန်စေရေး တာဝန်ပေးအပ်ပွဲကျင်းပ

**ပန်းတနော် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ(နေကြာ)နှင့် နွေစပါး လျာထားချက် ပြည့်မီကျော်လွန်စေရေးနှင့် အထွက်နှုန်းတိုးတက်စေရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့ကွက်သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူများက ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ (နေကြာ) စိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေး စသည့် လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများက မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုတွင် ဆောင်းသီးနှံ (နေကြာ) စိုက်ဧက ၉၂၁၄ ဧက လျာထားဆောင်ရွက်လျက်ရှိပြီး နွေစပါးလျာထားချက်ပြည့်မီကျော်လွန်စေရေးနှင့် အထွက်နှုန်းတိုးတက်မြင့်မားရေး ကျေးရွာအုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

## တိုက်ကြီးခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး ဖွင့်ပွဲကျင်းပ




**တိုက်ကြီး စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရှမ်းစုရပ်ကွက်ရှိ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါရုံးဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး၊ မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး၊ တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး၊ အနောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး၊ တိုက်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ တိုက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် အင်းသားကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

❂ **နေပြည်တော်မှ**

အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မူလရှိပြီးသော ကန်(၃)ဆင့် ရေကန်၊ ရေတံခွန်၊ ရေပန်းရုပ်ရှင်(Water Movie)နှင့် ရေပန်းအက(Water Dancing)တို့ကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် တင်ဒါအောင်မြင်သည့် ဆန်းမြတ်ထွန်းကုမ္ပဏီတာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ နေပြည်တော်ရေပန်းဥယျာဉ် နှစ်ရှည်ငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ်ကို အပြန်အလှန် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

အဆိုပါသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် အများပြည်သူအပန်းဖြေနေရာအဖြစ် လူတန်းစားမရွေး ဝင်ရောက်လည်ပတ်နိုင်ရန် ရေပန်းဥယျာဉ်ဝင်ကြေးကို သင့်တော်သောနှုန်းထားဖြင့်သာ ကောက်ခံရန်လိုအပ်ကြောင်း၊ နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ဒေသတိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များ၊ အထည်ဆိုင်များ၊ သန့်ရှင်းသပ်ရပ်သည့် ခေတ်မီစားသောက်ဆိုင်များ၊ နည်းပညာဆန်းသစ်သော ကစားကွင်းများနှင့် ပြပွဲများ ထည့်သွင်းဆောင်ရွက်ရန်နှင့် တစ်နှစ်ထက်တစ်နှစ် မတူညီသည့် ဆန်းသစ်မှုများ၊ အဆင့်မြှင့်တင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရန် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ကမ္ဘာ့ဘိလိယက်မှ**

ပြုလုပ်သည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲမှာ မြန်မာကစားသမားများ ပုံမှန်ယှဉ်ပြိုင်နေသည့်ပြိုင်ပွဲဖြစ်ပြီး ကမ္ဘာ့ပရော်ဖက်ရှင်နယ် ဘိလိယက်နှင့် စနူကာအဖွဲ့အစည်း (WPBSA) ပြုလုပ်သည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲမှာမူ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပေါက်စသည် WPBSA ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲမတိုင်မီ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် စင်ကာပူအိုးပင်းပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပေါက်စသည် ယခုနှစ် မေလကကျင်းပသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူနိုင်ခဲ့ပြီး လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ရာတွင်လည်း ရမှတ်များကောင်းမွန်နေပြီး တစ်ကြိမ်တည်း ရမှတ် ၁၀၀၀ ကျော်ထိုးနိုင်သည့် အကြိမ်များလည်းရှိကြောင်း သိရသည်။

**ကိုညီလေး**

## မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၀၇)

မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်းတွင် မောင်းနှင်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) အဆင်းနှင့်အတက်မော်တော်ယာဉ်များဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ်သည် လမ်း၏လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှ ကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

(ခ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက်မော်တော် ယာဉ်များ ဆုံမည့်နေရာ မရောက်မီ အတက်မော်တော် ယာဉ်၏ လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်း ပေးနိုင်သော နေရာလပ်ရှိပါက အတက်မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

(ဂ) အကယ်၍ အဆင်းနှင့်အတက် မော်တော်ယာဉ်များ ဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန် အခက်အခဲမရှိသော မော်တော်ယာဉ်က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်း လျှော့မောင်းရမည်။

(င) အဆင်းမော်တော်ယာဉ်သည် ဂီယာကိုကြားအနေထား၌ သော်လည်းကောင်း၊ ကလပ်(ချ်)ကို နင်းထား၍သော်လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

(စ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင် သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင် သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၉၅ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၂၅ | ၂၅၂၀ | ၂၅၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၀၀ | ၃၁၆၀ |
| 95 Ron | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၃၀ | ၂၆၂၀ | ၂၆၄၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၀၀ | ၃၂၂၀ |
| HSD (500 ppm) | ၃၀၄၀ | ၃၀၈၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၈၅ | ၃၁၁၀ | ၃၁၀၅ | ၃၀၇၀ | ၃၁၈၅ | ၃၁၈၀ | ၃၀၈၀ | ၃၀၉၀ | ၃၁၂၀ | ၃၁၂၅ | ၃၁၂၅ | ၃၃၄၅ | ၃၈၈၀ |
| HSD (50 ppm) | ၃၁၂၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၇၀ | ၃၁၉၅ | ၃၁၉၀ | ၃၁၅၅ | ၃၂၇၀ | ၃၂၆၅ | ၃၁၆၅ | ၃၁၇၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၁၀ | ၃၄၃၀ | ၃၉၁၅ |
| HSD (10 ppm) | ၃၁၂၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၇၀ | ၃၁၉၅ | ၃၁၉၀ | ၃၁၅၅ | ၃၂၇၀ | ၃၂၆၅ | ၃၁၆၅ | ၃၁၇၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၁၀ | ၃၄၃၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၈၅ | ၂၃၆၄ |
| 95 Ron | ၂၃၈၄ | ၂၄၆၅ |
| HSD (500 ppm) | ၂၉၁၄ | ၃၀၀၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၄ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၂၀၂၂ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော်စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ ယခုဩဂုတ်လထုတ်တွင် စာပေဗိမာန် (၇၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာစောင်ကို မူလပါရှိသည့် စာမျက်နှာ ၁၆၀ မှ ယခု စာမျက်နှာ ၂၄၀ အထိ စာမျက်နှာတိုးမြှင့်၍ အကြောင်းရပ်များစွာကို စာဖတ်သူတို့ အားပါးတရ ခံစားဖတ်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ထားသည်။ ယခုလအတွက် အထူးပြုရေးသားသည့် "အမြင်အာရုံနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဩဂုတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာမြင့်သန်း (အမျိုးသားစာပေဆုရ)၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်) တို့၏ "အမြင်အာရုံနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ နိုင်သောင်းထွဋ်၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ - အင်္ဂလိပ်ဘာသာစကား)၊ ညီမော်သိမ်း၊ နေသူရိန်၊ တာရာဝင့်ထွန်း၊ ရဲရင့်နဒီ၊ ဝင်းထွဋ်ဦး၊ စိန်ဝင်းမော်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ ရဲထက်ဇော်၊ အေးထွန်းမင်း၊ ဆောင်းဝင်းလတ်တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ နေညိုယဉ်၊ မြသိန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ကြည်လွင်ဦး (ရေနံ) တို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၊ K.M.A တို့၏ ရွှေးကောက်ပွဲနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင် (စစ်ကိုင်း)၏ မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါး၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ပါမောက္ခကိုကိုအောင်၊ လဲ့လဲ့ဝင်း (သတ္တဗေဒ) တို့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးများ၊ ကိုကိုချွန် (မော်လမြိုင်)၊ ဒေါက်တာလွင်သန့်၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဇလတ္တာတို့၏ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ သန်းစော (စီပီအေ)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ခြယ်မှုန်းသီ၊ ဝင်းဇော် (သုံးဆယ်)၊ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃ - ၉ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၆) တွင် မည်သူ့အပေါ်တွင်မဆို မေတ္တာ၊ စေတနာထားတတ်ပါက သူတစ်ပါးအတွက်သာမက မိမိတွင်လည်း ကောင်းကျိုးရလဒ်များ ရရှိပုံအကြောင်း တင်ဆက်ထားသည့် "နာမည်တူစုံတွဲ" မျက်နှာဖုံးကာတွန်း၊ ဆေးရောင်ခြယ်ပန်းချီကို ရေးဆွဲရခြင်းအကြောင်းနှင့် ၎င်း၏အရေးပါအရာရောက်ပုံအကြောင်း တင်ဆက်ထားသည့် "ဆေးရောင်ခြယ်ပန်းချီဆွဲခြင်းအနုပညာ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ပန်းသီးအလုံးအကြီးကို မရလိုက်သော အာနိုးအကြောင်း ရေးဖွဲ့ထားသည့် "ဖြိုးရဲ-လောဘ" နှစ်မျက်နှာကာတွန်း၊ ကျေးဇူးရှင်အပေါ် ကျေးဇူးမသိတတ်ရုံမက ကျေးဇူးကန်းသော အပြုအမူကို ပြုမူလိုက်သည့် လောဘကြီးသော ငါးဖမ်းသမားအဘိုးအိုအကြောင်း တင်ဆက်ထားသည့် "လောဘကြီးတဲ့ ငါးဖမ်းသမားအဘိုးအိုနဲ့ ခါဟာငှက်ကြီး" ပုံပြင်ကဏ္ဍ၊ တစ်ရာတွင် ငါးပြားစေ့ဘယ်နှစေ့ရှိသည်ကို မသိသော ကီးကီးအကြောင်း ရေးဖွဲ့ထားသည့် "ကီးကီးနှင့်ဂျိုးဂျိုးလေး" တစ်မျက်နှာကာတွန်း၊ ဘောလုံးကစားနည်းသည် တစ်ဦးတစ်ယောက်ကောင်း ကစား၍မရဘဲ တစ်သင်းလုံးက အားကစားစိတ်ဓာတ်အပြည့်ဖြင့် အချိတ်အဆက်မိမိ ကစားရပုံအကြောင်းနှင့် တစ်ကိုယ်ကောင်းစိတ်ဖြင့် ကစားမိရာက ရှုံးပွဲဖြင့်ရင်ဆိုင်ရသော ကျောင်းသားတစ်ယောက်အကြောင်း တင်ဆက်ထားသည့် "အားကစားနှင့်အားကစားစိတ်ဓာတ်" ဝတ္ထုတိုကဏ္ဍ၊ မြန်မာတို့၏ တော်သလင်းလအချိန်တွင် မြန်မာ့ရိုးရာလှေပြိုင်ပွဲကို စည်းလုံးညီညွတ်စွာဖြင့် ကျင်းပကြပုံအကြောင်း ရေးဖွဲ့ထားသည့် "ယင်းမာကြိုင်သင်းတော်သလင်း" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၉၅၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၅၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၄) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈၄)ဦးအနက် (၅)ဦး၊ (၅.၉၅) ရာခိုင်နှုန်းမှာ ပြည်ပမှ ဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၇၉) ဦး၊ (၉၄.၀၅)ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၈,၇၆၂,၈၄၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၃၉၉)ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၈)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၆၉၀) ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၉)ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများ ပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းအစုလိုက်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၅) ဦး | (၅.၉၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၇၉) ဦး | (၉၄.၀၅) % |
| စုစုပေါင်း | (၈၄) ဦး | (၁၀၀) % |

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်း များကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၄၆၅၁၂၆ | ၉၂၁၇၂၂၇၄ | ၁၀၇၂၁၂၅ |
| ၂။ | အိန္ဒိယ | ၄၄၄၄၂၅၀၇ | ၄၃၈၅၅၃၆၅ | ၅၂၇၉၃၂ |
| ၃။ | ပြင်သစ် | ၃၄၅၄၇၈၄၇ | ၃၄၀၃၇၇၈၅ | ၁၅၄၁၃၄ |
| ၄။ | ဘရာဇီး | ၃၄၄၉၂၀၇၁ | ၃၃၄၈၀၉၈၀ | ၆၈၄၂၀၃ |
| ၅။ | ဂျာမနီ | ၃၂၂၁၈၄၈၃ | ၁၁၃၆၂၄၀၀ | ၁၄၇၆၄၂ |
| ၆။ | ဗြိတိန် | ၂၃၅၂၁၇၉၂ | ၂၃၂၁၂၁၇၈ | ၁၈၈၂၄၂ |
| ၇။ | တောင်ကိုရီးယား | ၂၃၄၀၇၄၂၅ | ၂၁၃၉၁၁၆၀ | ၂၆၉၄၀ |
| ၈။ | အီတလီ | ၂၁၈၈၈၂၅၅ | ၂၁၀၇၈၃၉၈ | ၁၇၅၆၆၃ |
| ၉။ | ရုရှား | ၁၉၆၂၉၆၈၂ | ၁၈၆၇၂၅၈၆ | ၃၈၄၅၃၂ |
| ၁၀။ | ဂျပန် | ၁၉၀၉၂၆၅၇ | ၁၇၂၉၃၃၈၇ | ၄၀၁၉၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၁၅၉၀၇ | ၁၀၁၉၅၈၇၄ | ၄၃၁၁၈ |
| ၂။ | အင်ဒိုနီးရှား | ၆၃၆၆၅၁၈ | ၆၁၆၅၃၂၈ | ၁၅၇၆၀၈ |
| ၃။ | မလေးရှား | ၄၇၈၄၉၈၀ | ၄၇၁၇၂၉၂ | ၃၆၂၂၅ |
| ၄။ | ထိုင်း | ၄၆၅၄၉၆၉ | ၄၆၀၆၁၇၀ | ၃၂၃၅၅ |
| ၅။ | ဖိလစ်ပိုင် | ၃၈၈၆၃၉၅ | ၃၈၀၀၇၈၂ | ၆၁၉၁၀ |
| ၆။ | စင်ကာပူ | ၁၈၄၁၂၈၈ | ၁၇၆၂၄၀၇ | ၁၅၉၃ |
| ၇။ | မြန်မာ | ၆၁၅၃၉၉ | ၅၉၃၆၉၀ | ၁၉၄၃၉ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၂၇၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၃၇ | ၁၃၄၄၇၁ | ၃၀၅၆ |

## ရှာင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံ

ရှာင် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် ကျောက်ကူပြင်ကျေးရွာတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ရှာင်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်ဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အောင်က ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို လည်းကောင်း၊ စစ်ကြောင်းကြီး ငါးကြောင်းတွင် ပါဝင်သောဌာနများက မိမိဌာနအလိုက်ဆောင်ရွက်နေမှုများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ကျောက်ကူပြင်၊ ဆင်နတ်ချောင်နှင့် သစ်စေးပင်ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှာင်(ပြန်/ဆက်)



# အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်အတွင်းရှိ အများပြည်သူဆိုင်ရာနေရာများ၌ လက်နက်ကိုင်ဆောင်သွားလာခွင့် ပိတ်ပင်တားမြစ်

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံတရားရုံးချုပ်က ရာစုနှစ်တစ်ခုကြာ ဆွေးနွေးလျက်ရှိသည့် လက်နက်သယ်ဆောင်မှုဥပဒေကို ဇွန်လအတွင်းက ဖျက်သိမ်းခဲ့ပြီးနောက် နယူးယောက်ပြည်နယ်အတွင်းရှိ အများပြည်သူဆိုင်ရာနေရာများ၌ လက်နက်ကိုင်ဆောင်သွားလာခွင့်ပိတ်ပင်တားမြစ်သည့်ဥပဒေကို စတင်ကျင့်သုံးခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

**တားမြစ်ပိတ်ပင်**

နယူးယောက်ပြည်နယ်အတွင်းရှိ တိုင်းမ်ရင်ပြင်၊ ယမကာဆိုင်များ၊ စာကြည့်တိုက်များ၊ စာသင်ကျောင်းများ၊ အစိုးရအဖွဲ့ရုံးများနှင့် ဆေးရုံများစသည့် အများပြည်သူဆိုင်ရာ နေရာများ၌ လက်နက်ကိုင်ဆောင်သွားလာခွင့်ကို အဆိုပါဥပဒေ အသက်စဝင်သည့် စက်တင်ဘာ ၁ ရက်မှစပြီး တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်သည်။

အဆိုပါဥပဒေအား ဖောက်ဖျက်သူမည်သူမဆို တရားစွဲဆိုနိုင်ကြောင်း သိရသည်။

နယူးယောက်ပြည်နယ်အတွင်းရှိအများပြည်သူနှင့်သက်ဆိုင်သည့်နေရာများသည် သေနတ်ကင်းစင်ဇုန် ဖြစ်သည့်အတွက် လိုင်စင်ရသေနတ်ကိုင်ဆောင်သူများသည် ဥပဒေအရ အထူးခွင့်ပြုချက်မရရှိဘဲ သေနတ်ကင်းစင်ဇုန်များအတွင်းသို့ ဝင်ရောက်ခွင့်မပြုသည့် ဆိုင်းဘုတ်ပိုစတာများကို ပြည်နယ်အနှံ့အပြားတွင် လိုက်လံကပ်ထားမည်ဖြစ်ကြောင်း နယူးယောက်မြို့တော်ဝန် အီရစ်အဒက်မန်စ်က ဆိုသည်။




မေလအတွင်းက ဘက်ဖ်လိုပြည်နယ်၌ ဖြစ်ပွားခဲ့သည့် လူအများအပြားသေဆုံးခဲ့သည့် သေနတ်ပစ်ခတ်မှုကို တုံ့ပြန်သည့်အနေဖြင့် နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ကေသီဟိုချူက ယခုနှစ် စက်တင်ဘာ ၄ ရက်တွင် စတင်အသက်ဝင်မည့် ရိုင်ဖယ်သေနတ်များပိုင်ဆိုင်မှုဆိုင်ရာ ခွင့်ပြုချက်နှင့် ကိုင်ဆောင်သူ၏ အနည်းဆုံး အသက်အရွယ်ကန့်သတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ စည်းမျဉ်းသစ်အရ ရိုင်ဖယ်သေနတ်ကိုင်ဆောင်သူသည် အသက်အနည်းဆုံး ၂၁ နှစ်ပြည့်ရမည်ဖြစ်ပြီး ရိုင်ဖယ်သေနတ်များကို မဝယ်မီနှင့် လက်ဝယ်မကိုင်ဆောင်မီ သေနတ်ကိုင်ဆောင်ခွင့်ရပါမစ်ရှိရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း သေနတ်ကိုင်ဆောင် အကြမ်းဖက်မှုအများအပြားရှိနေကြောင်းနှင့် လမ်းမများ၊ စာသင်ကျောင်းများ၊ ဈေးဝယ်စင်တာများနှင့် ဘာသာရေးအဆောက်အအုံများ၌ သေနတ်ကိုင်ဆောင်ပြီးခြိမ်းခြောက်ခြင်းများရှိနေကြောင်း နယူးယောက်မြို့မှ အမေရိကန်ကိုယ်စားလှယ်နှင့် အောက်လွှတ်တော်တရားစီရင်ရေးကော်မတီဥက္ကဋ္ဌ နာဒလာက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်စတန်းဖို့ဒ်တက္ကသိုလ်၌ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာလေ့လာမှုကျောင်း ဖွင့်လှစ်

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်၌ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လေ့လာမှုကျောင်းကို ယမန်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Doerr School of Sustainability ကို ရင်းနှီးမြှုပ်နှံသူ John Doerr အား အစွဲပြုပြီး Doerr ကျောင်းဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ John Doerr သည် အဆိုပါကျောင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ လှူဒါန်းခဲ့သည်။

စတန်းဖို့ဒ်တက္ကသိုလ်၌ ကျောင်းသစ်ဖွင့်လှစ်ခြင်းသည် နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များက ရာသီဥတုပြောင်းလဲရေးဆိုင်ရာ သတိပေးချက်များနှင့် ပတ်သက်ပြီး နှစ်ပေါင်းများစွာတိုင် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်ဌာနများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသနပြုလုပ်မှုများသည် အရေးအတွက် အလွန်နည်းပါးသည်။



ယခုစတန်းဖို့ဒ်တက္ကသိုလ်၌ ဖွင့်လှစ်လိုက်သည့် ရာသီဥတုဆိုင်ရာလေ့လာမှုကျောင်းကို တက်ရောက်သူများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာများ၊ စားနပ်ရိက္ခာနှင့် သောက်သုံးရေလုံလောက်စွာရရှိမှုနှင့် မြို့ပြရေရှည်တည်တံ့ရေး စသည့်ပညာရပ်များကို လေ့လာသင်ယူရမည်ဖြစ်သည်။

Amazon တည်ထောင်သူ Jeff Bezos နှင့် Microsoft ပူးတွဲတည်ထောင်သူ Bill Gates တို့သည် ရာသီဥတုဆိုင်ရာ သုတေသနဆောင်ရွက်မှုများအပေါ် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုငွေများသည် အစိမ်းရောင်နည်းပညာဈေးကွက်တစ်ခု မကြာမီပေါ်ထွက်လာနိုင်ဖွယ်ရှိသည်ဟု ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အစိမ်းရောင်နည်းပညာ ဈေးကွက်သည် အမေရိကန်ဒေါ်လာ ၄၂၀ ဘီလီယံနီးပါး တန်ကြေးရှိလာနိုင်သည်ဟု ဂျာမနီသုတေသီလုပ်ငန်းတစ်ခုက ခန့်မှန်းပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရုတ်နှင့် အာဆီယံ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပမည်

နန်နင်း စက်တင်ဘာ ၂

တရုတ်နှင့်အာဆီယံအကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဆွေးနွေးပွဲကို တရုတ်နိုင်ငံ ကွမ်ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

**ဆွေးနွေးသွားမည်**

ယခုဆွေးနွေးပွဲကို ၁၉ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပသည့်ကာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲအတွင်း ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်သူများ၏ဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် တရုတ်နှင့် အာဆီယံ နည်းပညာတီထွင်ဆန်းသစ်မှုဆိုင်ရာဆွေးနွေးပွဲသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ထိုင်းနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု မြင့်တက်လာ

ဗန်ကောက် စက်တင်ဘာ ၂

ထိုင်းနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း သိရသည်။

ယခုနှစ်ပထမနှစ်ဝက်အတွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသည့်တန်ဖိုးသည် ထိုင်းဘတ် ၇၃ ဒသမ ၆၄ ဘီလီယံရှိခဲ့ကြောင်း ထိုင်းယာယီအစိုးရပြောရေးဆိုခွင့်ရှိသူ အနေချာဘူရာပါချိုင်ဆရီက ပြောသည်။ ယခုကဲ့သို့ နိုင်ငံအတွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းမှာ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးမူဝါဒများ၏ အောင်မြင်မှုဖြစ်ပြီး ပြည်ပမှရင်းနှီးမြှုပ်နှံသူများကလည်း ထိုင်းနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ယုံကြည်မှုရှိလာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံအတွင်း ပထမနှစ်ဝက်တွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခဲ့သည့် နိုင်ငံများမှာ ဂျပန်၊ အမေရိကန်နှင့် စင်ကာပူနိုင်ငံများဖြစ်သည်။

နိုင်ငံအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ယခုနှစ် ပထမနှစ်ဝက်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၂ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၉၅၈၆ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် စက်တင်ဘာ ၂

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၉၅၈၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၄၁၇၄၂၅ ဦးရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ကျဆင်းလာသော်လည်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူထက် များပြားနေကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ၈၇၈၀၇ ဦးရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆၉၄၀ ရှိပြီး ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာခံစားနေရသူ ၅၀၈ ဦးရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၆ ဦး ထပ်မံသေဆုံး

မနီလာ စက်တင်ဘာ ၂

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၁၉၁၀ ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၄၅၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၈၆၃၉၅ ဦး ရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၇၀၃ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၇၁၂ ဦးသည် မြို့တော် မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# လှိုင်မြို့နယ်၌ ရေဝတီဘဏ်ခွဲ (၂၆) အား ဝင်ရောက်လုယက်ခဲ့သူ အမျိုးသားတစ်ဦးကို ဒုစရိုက်မှုမလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ရေဝတီဘဏ်ခွဲ (၂၆) အား ဝင်ရောက်လုယက်ခဲ့သူ အမျိုးသားတစ်ဦးကို ဒုစရိုက်မှုမလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဓားထောက်ခြိမ်းခြောက်**

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ပြည်လမ်းရှိ ရေဝတီဘဏ်ခွဲ(၂၆)၌ လုယက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဘဏ်အတွင်းသို့ အသက်(၃၀)ခန့်ရှိ နှာခေါင်းစည်းတပ်ဆင်ထားသည့် အမျိုးသားတစ်ဦး(စိစစ်ဆဲ) ဝင်ရောက်လာပြီး အသင့်ယူဆောင်လာသော ဓားဖြင့် ဘဏ်ဝန်ထမ်းဖြစ်သူ မဆွေဆွေဝင်းကို ဓားထောက်ခြိမ်းခြောက်ကာ ကောင်တာပေါ်ရှိ ငွေများကို ၎င်းယူဆောင်လာသည့် ကျောပိုးအိတ်အတွင်း ထည့်ခိုင်းခဲ့ကြောင်း။

ထိုသို့ခြိမ်းခြောက်လုယက်နေစဉ် ဘဏ်အတွင်းရှိ ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်သူသည် ကျောပိုးအိတ်ထား၍ ဘဏ်အတွင်းမှ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုယက်မှုကျူးလွန်ခဲ့သူကို ဖမ်းဆီးရမိနိုင်ရေး ၎င်းထွက်ပြေးလွတ်မြောက်နိုင်သည့် လမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့စစ်ဆေးရှာဖွေခဲ့ရာ ဘဏ်အတွင်းဝင်ရောက်၍ လုယက်မှုကျူးလွန်ခဲ့သူ လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် သီရိမြိုင် (၈) လမ်း တိုက်(၅၉၅)နေ စိုးသီဟ(၂၉)နှစ် (ဘ) ဦးခင်ဇော်ဦးကို အဆိုပါရပ်ကွက် မြကန်သာ(၂) လမ်း အမှတ်(၆၇၈)အနီး၌ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းပိတ်ဆို့ဖမ်းဆီးရမိခဲ့သည့် လုယက်မှုကျူးလွန်ခဲ့သူ တရားခံ စိုးသီဟအား သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ အမှုဖွင့်လှစ်ကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



လုယက်မှုကျူးလွန်သူ တရားခံ စိုးသီဟ




လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ။

# မူးယစ်ဆေးဝါး ရောင်းဝယ်၊ သုံးစွဲသူများအား ဖမ်းဆီးအရေးယူခြင်းမပြုဘဲ ခြိမ်းခြောက်ငွေကြေးတောင်းယူခဲ့သူ အမျိုးသားငါးဦး၊ ရဲပြေးတစ်ဦးနှင့် ပူးပေါင်းကျူးလွန်သူ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိရာ တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းတိုက်ဖျက်လျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သောကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအမြောက်အမြား ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ၌ နှစ်စဉ်မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် မသမာသူများက မူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းဝယ်သူများကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ အယောင်ဆောင်၍ ဥပဒေနှင့်အညီ အရေးယူခြင်းမရှိဘဲ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသွင်ယူစုံစမ်းထောက်လှမ်းစောင့်ဆိုင်းဖမ်းဆီးခဲ့ရာ ဩဂုတ် ၂၈ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်း၌ ငွေကြေးခြိမ်းခြောက် တောင်းခံသူများဖြစ်သည့် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းသစ် နေသူများဖြစ်ကြသည့် တင်ဝင်းအောင် (ခ)တင်ကြီး(၂၈) နှစ်နှင့် မင်းအောင်(ခ) အောင်ထက်မြတ်(၂၈)နှစ် တို့နှစ်ဦးကိုလည်းကောင်း။

ည ၈ နာရီတွင် ရန်ကင်းမြို့နယ် "Real Link" ဟိုတယ်၌ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းသစ်နေ နိုင်လင်းအောင်(ခ)ဝဏ္ဏ(၂၅)နှစ်၊ ရန်ကင်းမြို့နယ် အမှတ်(၁၂) ရပ်ကွက် လူငယ်သစ္စာလမ်းနေသူများဖြစ်သည့် ခိုင်မျိုးဝင်း(ခ)ဘုန်းလူ(၂၇)နှစ်နှင့် ရဲတပ်သားအဆင့်မှ ရဲပြေးအဖြစ်ကြေညာခံထားရသူ ဝေဖြိုးထွန်း(ခ)ဝေဖြိုး(၂၇)နှစ်တို့ကိုလည်းကောင်း။

ည ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်း၌ ရေတာရှည်ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်းနေ ဥက္ကာမင်း(ခ) လင်းသန့်ဦး (၂၄)နှစ် ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ခြောက်ဦး၏ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းချသူများထံမှ ခြိမ်းခြောက်ငွေကြေးတောင်းခံရာတွင် ၎င်းတို့နှင့်အတူ ဗဟန်းမြို့မ ရဲစခန်းမှ ရဲတပ်သားလေးဦးနှင့် ကမာရွတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်သားနှစ်ဦးတို့ ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြကြောင်း သိရှိရသဖြင့် အဆိုပါရဲတပ်ဖွဲ့ဝင်ခြောက်ဦးတို့ကို သက်ဆိုင်ရာရဲစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက် "One Stop Mart" အရှေ့တွင် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသော အမျိုးသားနှစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၃၅ သိန်းကိုလည်းကောင်း၊ တာမွေမြို့နယ်ရှိ ဟိုတယ်ပိုင်ရှင်တစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် သိန်း ၆၀ ကိုလည်းကောင်း။

၂၀၂၂ ခုနှစ် ဧပြီလအတွင်း တာမွေမြို့နယ် "The Maze Club"ကားပါကင်၌ မူးယစ်ဆေးဝါးများ ရောင်းချနေသူဟု ယူဆရသူ နေထက်လင်း(စိစစ်ဆဲ)ထံမှ ငွေကျပ် ၃၅ သိန်းကိုလည်းကောင်း၊ အဆိုပါနေရာ၌ပင် အောင်လေး(စိစစ်ဆဲ) ထံမှ ငွေကျပ်သိန်း ၈၀ ကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် တံတားလေးလမ်းထောင့်ရှိ Club၊ Bar၊ KTV တို့တွင် DJ တီးခတ်သူ တစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၁၄၉ သိန်းကိုလည်းကောင်း။

ဇူလိုင်လအတွင်း မရမ်းကုန်းမြို့နယ် "ကာဆာ KTV" ဆိုင်ရှေ့၌ ပြည့်စုံ(စိစစ်ဆဲ) ထံမှ ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ ဗဟန်းမြို့နယ်"Jinkidf " စားသောက်ဆိုင် ကားပါကင်၌ အညာသား(စိစစ်ဆဲ)ထံမှ ငွေကျပ်သိန်း ၄၀ ကိုလည်းကောင်း။

ဩဂုတ်လအတွင်း ကမာရွတ်မြို့နယ် "The Next Level KTV Bar" ကားပါကင်၌ သူရိန် (စိစစ်ဆဲ)ထံမှ ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် "Solo Club" ကားပါကင်၌ မင်းသူ (စိစစ်ဆဲ) ထံမှ ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ ဗဟန်းမြို့နယ် "Music Buzz KTV"၌ ဒန်နီယယ်လ်(စိစစ်ဆဲ)ထံမှ ငွေကျပ် လေးသိန်းကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် "City Mart" အရှေ့၌ "မူလန် Bar"တွင် DJ တီးခတ်သူ တစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၁၃၀၀၀၀ ကို လည်းကောင်း၊ ဗဟန်းမြို့နယ် "VIP KTV" ကားပါကင်၌ ဘာမီတွန်(မ)(စိစစ်ဆဲ) ထံမှ ငွေကျပ်ခြောက်သိန်းကိုလည်းကောင်း၊ ဒဂုံမြို့နယ် "PIONEER Club"၌ မိုးမင်းဦး (စိစစ်ဆဲ)ထံမှ ငွေကျပ် ၁၄ သိန်းကို လည်းကောင်း၊ တာမွေမြို့နယ် "Tristar Hotel"၌ Kelvin(စိစစ်ဆဲ)ထံမှ ငွေကျပ် သိန်း ၂၀၀ တို့ကိုလည်းကောင်း စုစုပေါင်း ၁၄ ကြိမ်တွင် ငွေကျပ် ၇၀၇ သိန်း ၃ သောင်းကျပ်ကို ခြိမ်းခြောက်တောင်းခံခဲ့ကာ ရရှိသည့်ငွေများအား ခွဲဝေသုံးစွဲခဲ့ကြကြောင်း သိရသည်။

ခြိမ်းခြောက်ငွေတောင်းခံမှု စုစုပေါင်း ၁၄ ကြိမ်အား ဥက္ကာမင်း(ခ)လင်းသန့်ဦး၊ ရဲတပ်သားအဆင့်မှ ရဲပြေးကြေညာခြင်းခံထားရသူ ဝေဖြိုးထွန်း(ခ)ဝေဖြိုးနှင့် နိုင်လင်းအောင် (ခ) ဝဏ္ဏတို့ သုံးဦးက ဦးဆောင်ကျူးလွန်ခဲ့ကြကာ ခိုင်မျိုးဝင်း (ခ) ဘုန်းလူက ရှစ်ကြိမ်၊ တင်ဝင်းအောင် (ခ) တင်ကြီးက လေးကြိမ်၊ရဲတပ်သားငါးဦးနှင့် မင်းအောင်(ခ) အောင်ထက်မြတ်တို့က နှစ်ကြိမ်နှင့် ရဲတပ်သားတစ်ဦးမှ တစ်ကြိမ် ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းချသူများထံမှ ငွေကြေးများကို မူးယစ်ဆေးဝါးတားဆီးနှိမ်ရေး ရဲတပ်ဖွဲ့ဝင်များ အယောင်ဆောင်ကာ ဖမ်းဆီး၊ ခြိမ်းခြောက်ငွေတောင်းခံခဲ့သည့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ရဲပြေးတစ်ဦးတို့ကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့် နယ်ဘက်ဆိုင်ရာ ရာဇသတ်ကြီး ဥပဒေအရ လည်းကောင်း၊ ဥက္ကာမင်း(ခ)လင်းသန့်ဦးပါ ငါးဦးကို ရာဇသတ်ကြီးဥပဒေအရ လည်းကောင်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ ခြိမ်းခြောက်ကာ ငွေကြေးတောင်းခံခြင်းများအား သိရှိ၊ ကြုံတွေ့၊ ကြားသိရပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် တာဝန်ရှိသူများထံ လျှို့ဝှက်စွာ အသိပေးသတင်းပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



(ဝဲမှယာ) တရားခံ မင်းအောင်(ခ)အောင်ထက်မြတ်၊ ခိုင်မျိုးဝင်း (ခ) ဘုန်းလူ၊ တင်ဝင်းအောင်(ခ) တင်ကြီး၊ ဥက္ကာမင်း(ခ)လင်းသန့်ဦး၊ နိုင်လင်းအောင်(ခ)ဝဏ္ဏ

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက် ကောင်းမှုတော်ဘုရားအနီးရှိ ကားလမ်းတွင် မောင်ဒွေးမောင်းနှင်ပြီး စက်မောင်လိုက်ပါလာသည့်ယာဉ်နှင့် ငြိမ်းချမ်းဦးမောင်းနှင်ပြီး ကြည်လှိုင်နှင့် ဇော်လင်းနိုင်တို့ လိုက်ပါလာသော ၁၂ ဘီးယာဉ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ထိန်းချုပ် ဓာတုပစ္စည်းများဖြစ်သည့် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၃၀၀၀၀၀ နှင့် အီသိုင်းအီသာ လီတာ ၃၆၀ ကိုလည်းကောင်း။

ထို့ပြင် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ မကွေးလမ်းတွင် အောင်ဇော်ဦး(ခ) ကရင်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း။

**သိမ်းဆည်းရမိ**

ထို့အတူ ယင်းနေ့နံနက် ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက် အမှတ်(ဃ/၈၄)ရှိ ကော်ဝန်ချန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကိုလည်းကောင်း။

ထို့ပြင် ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မန်တုံ-မိုးမိတ်သွားကားလမ်း ရွှေဇာလီ ကျေးရွာလမ်းဆုံတွင် ဆန်အောင်(ခ)ဘရန်ဆန်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၃၈၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ကြေကွဲခြင်း၏အဘိဓာန်

ဆင်ဖြူကျွန်းအောင်သိန်း

ယမန်နေ့ညက မစို့မပို့ မိုးရွာထားသည့်အရှိန်ကြောင့် ယနေ့ နံနက် အရုဏ်ဦးတွင် အိုက်စပ်စပ်ကြီးဖြစ်နေသည်။ မကျီးဒန်က ပြေကျနေသော ထဘီအထက်ဆင်ဖြင့် မျက်လုံးကို ပွတ်လိုက်ပြီး ကိုယ်တွင် ရင်ရှားလိုက်သည်။ ပြီးလျှင် သစ်စေးကိုင်ထားသော ပခြုပ်နက်လေးထဲမှ ပွတ်ခုံ၊ ပွတ်တံနှင့် မီးစာကိုယူပြီး တချောက်ချောက် ခတ်လိုက်၏။ မှို့တွင် မီးစွဲလာသောအခါ ဆေးလိပ်တိုကို ကူးလိုက်သည်။ သည်ကမှတစ်ဖန် မီးဖိုကို မီးမွှေးရမည်။

"ကိုဆေးရိုး ... ကိုဆေးရိုး" မီးမွှေးပြီး ရေနွေးအိုးတည်ထားခဲ့ကာ မကျီးဒန်က လာရောက်နှိုးနေခြင်းဖြစ်သည်။

"ကိုဆေးရိုး... ထတော့လေတော်"

"အေးပါဟ"

"အေးပါဆိုရင် ထ..."

"ဟေ .. မောင်ဆေးရိုး၊ ဟေ့ .. ဆေးရိုးတို့၊ ကျီးဒန်တို့ ထကြပါဦးဟ"

မကျီးဒန်က ကိုဆေးရိုးကို မရမက လှုပ်နှိုးနေခိုက်တွင် အနောက်ဘက်အိမ်မှ ကိုဘအုန်း၏ အော်ဟစ်ခေါ်ငင်သံက ထွက်ပေါ်ဝင်ရောက်လာသဖြင့် မကျီးဒန်က ခပ်ကြမ်းကြမ်းလေးအော်၍ နှိုးလိုက်ရ၏။

"ကိုဆေးရိုး ... ကိုဆေးရိုး၊ ကိုဘအုန်းခေါ်နေတယ်"

"ဟေ ... မောင်ဆေးရိုး ထစမ်းပါဦးကွာ၊ ကိုဘအုန်း နွားတွေ မရှိတော့ဘူးကွ"

မီးစည်မီးခွက်နှင့် တုတ်၊ ဓား၊ လှံတံများ ကိုင်ဆောင်လာသော လူတစ်စုမှာ ကိုဆေးရိုးတို့ တဲရှေ့သို့ရောက်လာပြီး လှမ်းခေါ်လိုက်သံဖြစ်၏။ ကိုဆေးရိုးကလည်း ပုဆိုးကို ကပျာကယာ ပြင်စည်းလိုက်ပြီး ပုဆိုးတစ်ထည်ကို ခေါင်းပေါင်းကာ အိပ်ရာဘေးရှိ ကိုင်းခုတ်ဓားမကြီးကို ဆွဲယူထွက်လိုက်သွားလေသည်။

ရမ်းဘိုကုန်းတစ်ဝိုက် ရွာနီးချုပ်စပ်များတွင် နွားသူခိုးပူနေသည်မှာ ကြာပါပြီ။ ရွာတိုင်းရွာတိုင်းတွင် ဆူးစည်းကို ထူအောင်ကာရံပြီး ကင်းစောင့်များလည်းရှိသည့်အပြင် လယ်သမားတိုင်း လယ်သမားတိုင်းမှာလည်း နွားကိုလုံခြုံအောင် စောင့်ရှောက်နေသည့်ကြားထဲမှ ခိုးယူသွားခြင်းကို ခံလိုက်ရပေသည်။

"လင်းကြက်တွန်ပြီးခါမှတောင် ကျုပ်ကိုယ်တိုင် ဆင်းပြီး နွားတွေကို အစာကျွေးပါသေးတယ်တော်၊ ဟီး .. နွားတွေကို အစာကျွေးပြီး ရေနွေးတည်ပြီးတော့ ကိုဘအုန်းကို နှိုးတာပါပဲ။ ကိုဘအုန်း အောက်ကိုဆင်းတော့ နွားတွေကို မတွေ့တော့ဘူးတော့်"

နွားတင်းကုပ်အတွင်း မီးရောင်အောက်တွင် ကိုဘအုန်းမယား မဆွဲမိက ဝိုင်းအုံလာသော အိမ်နီးချင်းများကို တိုင်တည်ပြောဆိုကာ ငို၍နေ၏။ မဆွဲမိမှာ ဟောက်ပက်နေသော မျက်လုံးအိမ်အတွင်းမှ ညိုညစ်သော ပါးပြင်ပေါ်သို့ စီးကျလာသည့် မျက်ရည်များကို ထဘီဖြင့် သုတ်ပစ်လိုက်ရင်း ကပိုကရိုကျလာသော ဆံပင်များကို လက်နှင့်သပ်ကာ နောက်သို့လှန်ချလိုက်၏။

"သိပ်လည်း ပူမနေပါနဲ့ဦး ဆွဲမိရယ်၊ ခုနကတုန်းမှ ညည်းတွေ့သေးရင် ဒီနွားတွေ ဘယ်ကိုမှ ဝေးဝေးမရောက်သေးပါဘူး။ လိုက်မယ့်လူတွေကလည်း လေးငါးစုခွဲပြီး လိုက်တာပဲ"

" ငါတော့ မထင်ပါဘူး အေးညွှန့်ရယ်၊ ဒီရွာနီးချုပ်စပ်မှာပျောက်သွားလေသမျှနွားတွေဟာ ဘယ်တုံးကများ ပြန်တွေ့တယ်ကြားဖူးသလဲ။ မပျောက်နဲ့၊ ပျောက်ရင် အဆုံးချည့်ပဲ"

မဆွဲမိကတော့ စိတ်နှလုံးကို ဒုံးဒုံးချလိုက်ပြီးဖြစ်သည်။ ဟုတ်လည်းဟုတ်၏။ သူခိုးဆိုတာကလည်း အင်မတန်ဉာဏ်များသည်။ အရှေ့ဘက်ကိုခြေရာချပြီး အနောက်ဘက်သို့ သွားတတ်၏။ အနောက်ဘက်ကို ခြေရာပြပြီး တောင်ဘက်သို့လှည့်ကာ အနောက်ကို ပြန်လာသည့်အခါလည်း ပြန်လာတတ်သည်။ ဘယ်သူကမျှ ကံသေကံမ မလိုက်တတ်။ တွေ့လိုတွေ့ငြား ရမ်းဆလို့သာ လိုက်ကြရခြင်းဖြစ်သည်။ စွတ်စွတ်ရွတ်ရွတ်တိုးမိ၍ ပြန်လည်ရရှိခဲ့သည်ဆိုသည်က ရှားပါးလှပေ၏။

"ကိုင်း ... ထစမ်းအေး၊ ဆွဲမိ .. လာ အိမ်ထဲကို သွားရအောင်"

အိမ်နီးချင်းမိန်းမများက ဖျောင်းဖျခေါ်ငင်သဖြင့် ထလိုက်သွားရသော်လည်း မဆွဲမိ၏ အသည်းမြွှာကား ဖြာဖြာစိပ်၍ ကွဲနေပြီဟုဆိုရလောက်အောင် သောကမီး မောက်လျှံနေလေသည်။ သည်နွားသာအဖော်၊ သည်နွားသာ သခင်၊ သည်နွားသာ ထမင်းအိုးအဖြစ် အားထားနေရသော မဆွဲမိအဖို့မှာ နွားမရှိလျှင် ငတ်ကိန်းဆိုက်ရတော့မည်ပင်။ သည်နွားနှင့် တောတက်၍ ထင်းခုတ်ရသည်။ အိုးလုပ်ဖို့မြေကို သည်နွားနှင့်ပဲ သယ်ပိုးဆောင်ယူရသည်။ ထင်းခုတ်သွားရန် အဖော်မရှိသေးလျှင် သည်နွားနှင့် ကုန်စည်ပို့ဆောင်ရသော ကြေးငွေနှင့် စျေးသုံးဖို့ ရပြန်သည့်ပြင် အဓိကဖြစ်သော လယ်ကို သည်နွားနှစ်ကောင် မရှိလျှင် ဘာနှင့်လုပ်ကိုင်ရပါမည်လဲ။

နွားသူခိုးဆိုသည်ကလည်း ကိုဘအုန်းတို့၊ ကိုဆေးရိုးတို့လို လယ်သမားတွေသာ အဖြစ်များကြသည်။ အရင်းအနှီးဆို၍ တစ်ချင်ရွေးသားမျှပင်မရှိသော လယ်သမားများအဖို့ လယ်ခွန်နှစ်ဆ သီးစားခဆိုရုံနှင့် ပြီးပြည့်စုံလာကြသည်မဟုတ်။ နိုင်ထက်စီးနင်း ခေါင်းပုံဖြတ်လုယူသော မြေရှင်၏ကြာညောင်းစွာ နှိပ်စက်ခဲ့သည့်ဒဏ်ရာက ပျောက်ခြင်းမရှိသေးသည့်အပြင် နာလန်မျှပင် မထူနိုင်သေးချေ။ သို့စဉ်တွင် မြေရှင်၏အကူအမမှ ကင်းကွာခဲ့ရရာ အရင်းမဲ့ခဲ့ရသည်။ ရန်သူပင်ဖြစ်သော်လည်း ရန်သူ၏အကူအညီကို မရသောအခါ ကျပ်တည်းမှုတစ်မျိုးနှင့် ထပ်မံရင်ဆိုင်ရပြန်သည်။ လက်သိပ်ထိုး၍ ကြေးကြီးကြီးနှင့် ချေးငှားရသော ကြွေးမြီနှင့် အသစ်အသစ်ပေါ်ပေါက်လာသော ခေါင်းပုံဖြတ်များအောက်တွင် ထူးမခြားနားသော ဘဝ၌သာ ကျင်လည်နေရဆဲပင် ရှိသေး၏။

ထို့ပြင် အမဲသားဆိုသည်မျိုးက အမှုမီးလှုပ်ရှားနေသေးလျှင် အခြောက်လှန်းထားနိုင်သည့်ပြင် အခင်းဖြစ်ရာနေရာမှ အဝေးသို့ ပြောင်းရွှေ့ရောင်းချနိုင်သည်။ ခက်ခဲခြင်းတော့မရှိပါ။ နွားကို ခိုးယူရရှိဖို့သာလိုပါသည်။ လူသုံး၊လေးယောက်ရှိလျှင် နွားတစ်ရှဉ်းကို ခိုးယူနိုင်သည့်အပြင် ငွေရကလည်း လွယ်ကူ၏။ စလင်းမြို့အနီးရှိ ရွှေတွင်းတူးတောကြီးမှာ ခိုးလာသောနွားများကို သို့ဝှက်ထားရာ၊ သတ်ဖြတ်ရာ အရပ်အဖြစ် သတင်းကြီးလှ၏။ လူအင်အားနည်းနည်းဖြင့် နွားပျောက်ရှာသူများသာ ရွှေတွင်းတူးတောသို့ဝင်လျှင် လူအဖြစ်နှင့်ပြန်မထွက်ရဘဲ အမဲသားတွဲအဖြစ်ဖြင့်သာ ပြန်ထွက်ရတော့သည်။ နွားခိုး၍ သတ်ရခြင်း၌ အရသာတွေ့သူများမှာ ဤမျှ ရဲတင်းလွန်းလှ၏။

ယခုလည်း မဆွဲမိအဖို့မှာ ကြက်သောက်သောရေကဲ့သို့သာ မှတ်ယူလိုက်ပြီးဖြစ်သည်။ သို့တစ်ထစ်ချ ယူဆထားလိုက်သောကြောင့်သာ မချိတင်ကဲ ပူပန်ရခြင်းဖြစ်ပေရာ နှမ်းကြဲအပြီး ပျိုးခင်းထွန်စအချိန်တွင် မည်သူက လာရောက်ပေးကမ်းမည့် ငွေကြေးကို မျှော်လင့်စရာရှိ၍ မပူပန်ရပါမည်နည်း။ စင်စစ်သော်ကား လက်ကို ရိုက်ချိုးရုံသာမက ထမင်းအိုးပါ မှောက်သည်ဟု ဆိုရပေမည်။

"ဆွဲမိရေ ... တို့တော့ ရှားတောဘက်ကနေပြီး ခြေရာဖြတ်ခံတာပဲဟ။ ဒီလမ်းကသာ သူခိုးသွားရင် ညက ရွာထားတဲ့မိုးနဲ့ ခြေရာခံလို့ လွယ်တာပေ့ါဟ။ ဒါပေမဲ့ အမှူးရွာ တောင်ဘို့ကိုသာ ကျော်သွားရော၊ ခြေရာမတွေ့ဘူးဟ"

နေထန်းတစ်ဖျားခန့်တွင် ရောက်ရှိလာသော ကိုသာဒွန်းတို့ တစ်သုတ်နှင့် မရှေးမနှောင်းပင် ကိုကျော်ဦးတို့အသိုက်ပါ ပြန်လည်ရောက်ရှိလာကြသည်။ သူတို့ကလည်း ခြေရာခံ၍မရခဲ့ပေ။

ညနေ နေဝင်ရီတရောတွင် ကိုဘအုန်းနှင့် ကိုဆေးရိုးတို့အသုတ်ပါ ပြန်လည်ရောက်ရှိလာကြသည်။ လူတိုင်းပင် ချွေးသံအရွှဲသားဖြင့် နုံးခွေပန်းဟိုက်လာကာ ခြေပစ်လက်ပစ်ဖြစ်ကုန်ကြသည်။ သူတို့၏ မသာယာသောမျက်နှာကို မြင်ရခြင်းအားဖြင့် မျှော်လင့်ချက်ကင်းပြီဖြစ်ကြောင်းကို သိလိုက်သော မဆွဲမိမှာ ချုံးပွဲချ၍ ငိုတော့သည်။

"ဘယ့်နှယ်လဲဟေ့ ... မောင်ဘအုန်း"

"အင်း ... ကျုပ်တော့ စိတ်လျှော့လိုက်ပါပြီဗျာ"

"အို .. တဖြည်းဖြည်း စနည်းနာရင် တွေ့တန်ကောင်းပါရဲ့ကွာ၊ စိတ်လျှော့တာက အလျင်လိုလှချည့်လားကွ"

သတင်းလာမေးသော ဘကြီးစိန်က ကိုဘအုန်းကို နှစ်သိမ့်စကားပြောကြားလိုက်ပြီး "ဘယ့်နှယ်လဲကွ၊ ပြောစမ်းပါဦး မောင်ဆေးရိုးရ" ဟု ကိုဆေးရိုးဘက်သို့ လှည့်လိုက်ပြန်၏။

"အခုအကောင်တွေဟာလည်း ခါတိုင်းခိုးနေကျ အကောင်တွေပဲ ထင်တယ်ဗျ။ ဒီပြင်ရွာတွေမှာလည်း ရွာပြင်စည်းရိုးကနေပြီး ဖောက်ဝင်တာဆိုတော့ ဒီမှာလည်း ဒီလိုပဲဗျ"

"အေးဟေ့.. ဟုတ်တယ်၊ ဒါပေမဲ့ကွာ ငါ့အထင်တော့ ရွာခံလက်ထောက်ရှိတယ်ထင်တယ်ကွ"

"ဒါကတော့ ဘယ်သူ အမှန်ပြောနိုင်မလဲ၊ ရှိချင်လည်း ရှိမှာပေ့ါ၊ မရှိချင်လည်း မရှိဘူး"

ကိုဆေးရိုးက မသေချာသည့် အကြောင်းအရာ ဖြစ်နိုင်သည့် အချက်အလက်များနှင့် ဖြည့်စွက်လိုက်ပြန်ပြီး

"ဒီလိုဗျ .. ဘကြီးစိန်ရဲ့၊ ကျုပ်တို့လူသိုက်က အလယ်တံခါးက ထွက်တယ်။ ကိုဘအုန်းတို့က စည်းရိုးအဖောက်ခံရတဲ့နေရာကစပြီး ခြေရာခံပြီး လိုက်တယ်ဗျ။ တောင်ဘက် ထန်းတောထဲကျတော့ ဆေးရိုးရေ၊ ဖိုးထွန်းရေနဲ့ ကိုဘအုန်းတို့လူသိုက်က လှမ်းခေါ်တော့တာကို။ အဲဒါနဲ့ ကျုပ်တို့က မိများမိသလားလို့ အားရပါးရ သွားလိုက်တာ၊ လက်စသတ်တော့ ကိုယ်တော်တွေက လူချင်းပေါင်းပြီး သွားဖို့ခေါ်တာကိုးဗျ။ ခိုးသွားတဲ့အကောင်တွေကလည်း ရဲတင်းလိုက်တာ၊ တကယ့်လှည်းလမ်းကြောင်းဖုံဖုံကလေးမှ သွားသဗျား၊ ဘေးက ဖုန်မရှိတဲ့ မြေမာက မသွားဘူး"

"လူခြေရာက ဘယ်နှယောက်ရာလဲဗျ ကိုဆေးရိုး''

"ခြေရာကတော့ သုံးယောက်ပဲကွ" ရှားတောဘက်သို့လိုက်သော လူသိုက်ထဲမှ သိန်းမောင်ကို လှည့်၍ အဖြေပေးပြီး ကိုဘအုန်းဘက်သို့ လှည့်ကြည့်လိုက်မိသည်။

ကိုဘအုန်းမှာ ယိုင်နဲ့သော တဲတိုင်ကိုမှီကာ လဲ့လဲ့စင်သော မိုးပြာသို့ စိုက်ကြည့်နေသည်။ ကိုဘအုန်း၏စိတ်က ကူးချင်ရာကိုကူးနေမည်။ သွားချင်ရာသို့သွားနေမည်။ သူတစ်ပါးနွားကိုပဲ ပြန်ခိုးရမလား၊ ဓားပြပဲတိုက်ရမလား၊ နွားသူခိုးဟု မိမိမသင်္ကာသမျှ လူတွေကိုပဲ လိုက်သတ်နေရမလား။ ကိုယ်ပဲ ကြိုးကြိုးကုတ်ကုတ်လုပ်ပြီး နွားအစားရှာရမလား။ တွေးချင်သလို တွေးနေပေလိမ့်မည်။ သတိလက်လွတ်နေပေသည်။ သူ့အာရုံက လဲ့ရည်စိုလွင့်မိုးကို လင့်နေရှာကြသည်။ သူ၏ နှမ်းခင်းမှ နှမ်းပင်ပေါက်ကလန့်တင် (ကန့်လန့်တင်) ကလေးတွေဆီသို့ရောက်၍ပဲ နေသလား။ ကိုဘအုန်းက အသက်မဲ့သူကဲ့သို့ ငြိမ်သက်လွန်းလှတော့သည်။ ကိုဘအုန်းကိုကြည့်ပြီး ကိုဆေးရိုးမှာ ဟင်းခနဲ ဆို့နင့်ငင်ကျပ်သော သက်ပြင်းတစ်ချက်ကို ရှိုက်ချလိုက်မိသည်။

"ခက်တယ်ဗျာ ... ခက်တယ်" ခိုကိုးစရာမဲ့သော သူတို့၏ဘဝဝယ် မှီတွဲခိုကိုးရာကား ဆိတ်သုဉ်းလှပါဘိ၏။ လကွယ်ည၏ သန်းခေါင်ယံပမာ မိုက်မှောင်မွန်းပိတ်လှသော ခံစားရချက်မှ လင်းလက်သော ရောင်ခြည်ကို ရှာဖွေ၍မရအောင် မိုက်မှောင်လှတော့၏။ သို့မို့ကြောင့်ပင် အရှုံးပေးသောအသံက ထွက်ပေါ်လာရ၏။

(ဆက်လက်ဖော်ပြပါမည်)

ကိုဘအုန်းမှာ ယိုင်နဲ့သော တဲတိုင်ကိုမှီကာ လဲ့လဲ့စင်သော မိုးပြာသို့ စိုက်ကြည့်နေသည်။ ကိုဘအုန်း၏စိတ်က ကူးချင်ရာကိုကူးနေမည်။ သွားချင်ရာသို့ သွားနေမည်။ သူတစ်ပါးနွားကိုပဲ ပြန်ခိုးရမလား၊ ဓားပြပဲတိုက်ရမလား၊ နွားသူခိုးဟု မိမိမသင်္ကာသမျှ လူတွေကိုပဲ လိုက်သတ်နေရမလား။ ကိုယ်ပဲ ကြိုးကြိုးကုတ်ကုတ်လုပ်ပြီး နွားအစားရှာရမလား။ တွေးချင်သလို တွေးနေပေလိမ့်မည်။ သတိလက်လွတ်နေပေသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

အရင်အပတ်က **Unit 3 Lesson 3: Where is it?** အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ **Unit 3 Lesson 4: My favourite room** အကြောင်းကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

### Unit 3 Lesson 4: My favourite room

- **Things in a room**
- **Describing a room**

**Vocabulary**

**Things in the living room (ဧည့်ခန်းတွင်းရှိပစ္စည်းများ)**



အောက်ပါတို့ကို မြန်မာဘာသာပြန်ဆိုပါ။

1. Carpet ______
2. Coffee table ______
3. Chair ______
4. Sofa ______
5. Pillow/ cushion ______
6. Bookshelf/bookcase ______
7. Books ______
8. Mirror ______
9. Picture ______
10. Painting ______
11. Plants ______
12. TV set ______
13. Dvd player ______
14. Lamp ______
15. Phone ______
16. TV stand ______

**Things in the bedroom (အိပ်ခန်းတွင်းရှိအရာများ)**

အောက်ပါတို့ကို မြန်မာဘာသာပြန်ဆိုပါ။

1. Bed ______
2. Pillow and bolster ______
3. Mattress ______
4. Blanket ______
5. Chair ______
6. Desk ______
7. Lamp ______
8. Alarm clock ______
9. Night table ______
10. Ceiling fan ______
11. Bookcase ______
12. Wardrobe ______
13. Dressing table ______
14. Clothes horse ______



**Things in the kitchen (မီးဖိုခန်းတွင်းရှိ အရာများ)**

အောက်ပါတို့ကို မြန်မာဘာသာပြန်ဆိုပါ။

1. Microwave ______
2. Blender ______
3. Stove ______
4. Oven ______
5. Saucepan ______
6. Kettle ______
7. Sink ______
8. Cupboard ______
9. Fridge ______
10. Cabinet ______
11. Spoons ______
12. Forks ______
13. Knives ______
14. Plates,bowls,cups ______
15. Saucers ______
16. Frying pans, cooking pots ______
17. Ladles ______
18. Stools ______
19. A wooden table ______
20. Chair ______



(1) Look at the pictures. In which room can you find them?
အောက်ဖော်ပြပါပစ္စည်းများကို မည်သည့်အခန်းတွင် တွေ့မြင်နိုင်သလဲ ဆိုသည်ကို ရေးပါ။

Sofa ______
Clothes horse ______
Bookcase ______
Microwave ______
Sink ______
Dressing table ______

(2) Practise on your bedroom. (Student A နဲ့ Student B အမေး၊ အဖြေလေ့ကျင့်ပါ။)

A: Do you have your own bedroom or share it with someone else?
B: Yes. I have my own bedroom. / No. I share it with my brother.
A: Where is your bedroom?
B: It is upstairs.
A: Is it big or small?
B: It is big/ small/ neither big nor small.
A: What is the colour of the walls?
B: White/ Pink/ sky blue.
A: Does it get fresh air?
B: Yes. It gets fresh air. It is light and airy.
A: Does it have a window? What can you see from the window?
B: Yes. It has a window. We can see Kyaw Supermarket from our window.
A: What pieces of furniture are there in your room?
B: There are a desk, two chairs, one bookcase and two lamps in our room.
A: What do you usually do in your room?
B: We usually read story books.
A: Do you like your room? Why?
B: I like my bedroom because it is the place where we can relax and be comfortable. I feel safe in it and I can be myself and nobody ever stops me from doing anything. That's why I like my bedroom.

(3) Write a paragraph on "My Bedroom". (ကျွန်တော့်အိပ်ခန်းအကြောင်း စာပိုဒ်တစ်ပိုဒ်ရေးပါ။)

My Bedroom

______________________________________________
______________________________________________
______________________________________________

(လာမည့်အပတ်တွင် Unit 4 Lesson: 1 Talking about your family and free time အကြောင်း ဖော်ပြပါမည်)

## Grade 7

အရင်အပတ်က Lesson 4 : What do you usually do at weekends? အကြောင်းကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 3 Lesson 1 : At the clothes shop အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 3 Lesson 1: At the clothes shop(အင်္ကျီဆိုင်မှာ)

•Items of clothing (အဝတ်အထည် အမျိုးအစားများ)
•Shopping for clothes (ဈေးဝယ်ထွက်ခြင်း)

**Vocabulary**

အောက်ပါဝေါဟာရအဓိပ္ပာယ်များကို အလွတ်ကျက်မှတ်ပါ။

**Men's clothing**




1. Coat ကုတ်အင်္ကျီ
2. Raincoat မိုးကာအင်္ကျီ
3. Jacket အပေါ်အင်္ကျီ
4. Suit အနောက်တိုင်းဝတ်စုံ
5. Vest အတွင်းခံအင်္ကျီ
6. Overall အပေခံစက်ရုံဝတ်စုံ
7. Shirt ရှပ်အင်္ကျီ
8. T-shirt တီရှပ်အင်္ကျီ
9. Trousers ဘောင်းဘီရှည်
10. Jeans ဂျင်းဘောင်းဘီ
11. Jumper အပေါ်ထည်အင်္ကျီ
12. Tie လည်စည်းနက်ကတိုင်
13. Bowtie ဖဲပြားပုံလည်စည်း
14. Hat ဦးထုပ်
15. Scarf လည်စည်းပဝါ
16. Gloves လက်အိတ်
17. Pajama ညဝတ်အင်္ကျီ
18. Tracksuit အားကစားဝတ်စုံ
19. Belt ခါးပတ်
20. Cap ကက်ဦးထုပ်
21. Underpants အတွင်းခံဘောင်းဘီ
22. Shorts ဘောင်းဘီတို
23. Boots ဖိနပ်အရှည်
24. Shoes ရှူးဖိနပ်
25. Trainers အားကစားဖိနပ်
26. Slippers ကွင်းထိုးဖိနပ်
27. Flip-flops ညှပ်ဖိနပ်
28. Socks ခြေစွပ်

**Women's clothing**




1. Coat ကုတ်အင်္ကျီ
2. Raincoat မိုးကာအင်္ကျီ
3. Jacket အပေါ်ထည်အင်္ကျီ
4. Dress ဂါဝန်
5. Blouse ဘလောက်စ်အင်္ကျီ
6. Skirt စကတ်
7. Sweater ဆွယ်တာအင်္ကျီ
8. Overall အပေခံစက်ရုံဝတ်စုံ
9. Tights အသားကပ်ဘောင်းဘီ
10. Bathrobe ရေချိုးဝတ်ရုံ
11. Shorts ဘောင်းဘီတို
12. T-shirt တီရှပ်အင်္ကျီ
13. Jeans ဂျင်းဘောင်းဘီ
14. Trousers ဘောင်းဘီအရှည်
15. Hat ဦးထုပ်
16. Cap ကက်ဦးထုပ်
17. Scarf လည်စည်းပဝါ
18. Bra ဘရာစီယာ
19. Swimming suit ရေကူးဝတ်စုံ
20. Gloves လက်အိတ်
21. Mittens သိုးမွေးလက်အိတ်
22. Socks ခြေစွပ်
23. Panties ဘောင်းဘီအတို
24. Slippers ကွင်းထိုးဖိနပ်
25. Flip-flops ညှပ်ဖိနပ်
26. Trainers အားကစားဖိနပ်
27. High heels ဒေါက်ဖိနပ်
28. Boots ဖိနပ်အရှည်

**ဈေးဝယ်ထွက်ရာတွင် ဝယ်ယူသူနှင့် အရောင်းစာရေးတို့ အသုံးများသည့် ပြောစကားများကို လေ့လာပါ။**

**Customer(ဝယ်ယူသူ)**

Excuse me, … (တစ်ဆိတ်လောက်)
I am looking for … (…ရှာနေတာ။)
Do you have any…?/Do you sell…?
(မင်းတို့မှာ …ရှိသလား။ ရောင်းသလား။)
Could you tell me where the … is /are?
(…ဘယ်နေရာမှာလဲဆိုတာ ပြောပေးနိုင်မလား။)
Where can I find/buy …?(… ဘယ်နေရာမှာတွေ့နိုင်မလဲ။)
I need/would like …(…လိုအပ်တယ်။ လိုချင်တယ်။)
Have you got …?(…ရှိသလား။)
Do you work here?(ခင်ဗျား ဒီကဝန်ထမ်းလား။)
Could you help me?(ကျွန်တော့်ကို ကူညီပေးနိုင်မလား။)
How much is this …? (ဒီဟာလေးက ဘယ်လောက်လဲ။)
It doesn't fit/ suit me. (ကျွန်တော်နဲ့ မတော်ဘူး။ မလိုက်ဖက်ဘူး။)
I don't like it. (ကျွန်တော်မကြိုက်ဘူး။)
It's too small / big / wide / tight / expensive.
(သေးလွန်း၊ ကြီး၊ ကျယ်၊ ကျပ်၊ ဈေးကြီးလွန်းတယ်။)
I'm size …(ကျွန်တော့်အရွယ်အစားက...........ဖြစ်ပါတယ်။)
Have you got this in another size / colour?
(ဒါမျိုး နောက်ထပ်အရွယ်အစား၊ အရောင်ရှိသလား။)
May/Can I try this on, please? (ကျွန်တော် ဝတ်ကြည့်လို့ရမလား။)
Where can I try this on, please?(ဘယ်နေရာမှာ ဝတ်ကြည့်ရမှာလဲ။)
How much is it?/ How much does it cost?/What is the price?
(ဈေးကဘယ်လောက်လဲ။)
Can I have discount?/ Can you give me discount?/ How much discount can I have? (လျှော့ဈေးမရဘူးလား။)
Can you make it …. Kyats? (…ကျပ် မရဘူးလား။)
Could you show me another one?
(နောက်ထပ်တစ်ခု၊ တစ်ထည် ပြပေးနိုင်မလား။)
I prefer this one. (ဒီဟာလေးကြိုက်တယ်။)
I will take this/it. (ဒီဟာလေး ယူလိုက်မယ်။)

**Salesperson(အရောင်းစာရေး)**

They are over there. (သူတို့တွေ ဟိုဘက်မှာပါ။)
What size are you? (ခင်ဗျားအရွယ်အစားက ဘယ်လောက်လဲ။)
How about one of these? (ဒီဟာလေးဆိုရင်ရော။)
Here you are.(ရော့ဒီမှာပါ။)
It's on sale.(ဒါရောင်းဈေးပါ။) ဈေးဆစ်တဲ့အခါမှာ သုံးသည်။
How much / many would you like? (ဘယ်လောက်ယူမှာလဲ။)
What size do you take? (ဘယ်အရွယ်အစားယူမှာလဲ။)
Sorry, we are out of …. etc.
(ဝမ်းနည်းပါတယ်။ ကျွန်တော်တို့ဆီမှာ ကုန်နေပါတယ်။)
Would you like to try it on?(ဝတ်ကြည့်ချင်ပါသလား။)
The fitting rooms are over there.
(အဝတ်အစားလဲခန်းက ဟိုဘက်နားမှာပါ။)
The T- Shirt suits you very well.
(ဒီတီရှပ်လေးက ခင်ဗျားနဲ့သိပ်လိုက်ဖက်တာပဲ။)

(ဆက်လက်ဖော်ပြပါမည်)

## Grade 8

## Unit 3

### Lesson 4: Let's play in the school band!

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. What i_______________ does she play in the school band?
2. In my free time, I listen to m_____________.
3. We heard a loud s___________ from outside.
4. We use a pair of d____________ to strike the drums.
5. Wood is a poor c_____________ of heat.
6. What is your favourite singer or b__________?
7. The band had one p________ player who played the triangle.
8. The flute and the clarinet are w____________ instruments.
9. The saxophone is made of b____________.
10. Percussion instruments produce sounds when they are b__________.

**II. Supply the correct form of the words given in brackets.**

1. (music) Do you play a ______________ instrument?
2. (conduct) In our school band, only the ___________ holds the major mace.
3. (wood) This chair is made of wood. It is a ________ chair.
4. (produce) Myanmar is one of the rice _____________ in the world.
5. (produce) Rice ___________ increases year by year.

**III. Supply the correct form of the verbs given in brackets.**

1. (produce) We can ______________ sounds by striking two things.
2. (play) We _____________ the tambourines in the school band.
3. (blow) A strong wind ______________ last night.
4. (make) These watches ______________ in Switzerland.
5. (strike) When percussion instruments ______________, they produce sounds.

**IV. Answer the questions.**

1. How many groups of musical instruments in a school band?
   _____________________________________________.
2. How do wind instruments produce music?
   _____________________________________________.
3. How do percussion instruments produce sounds?
   _____________________________________________.
4. What are wind instruments made of ?
   _____________________________________________.
5. What are the flute and the clarinet usually made of ?
   _____________________________________________.

**V. Make questions with "Who/ What' to which the underlined words are answers.**

1. U Kyaw is standing at the gate.
2. Mother bought apples in the market.
3. Ko Zaw is a manager in this company.
4. We all admire teacher Daw Hay Mar.
5. Eating too much makes us ill.

**Reading**

**Read the passage.**

Sugar cane was grown in India thousands of years ago. In Roman time it was known in Europe as a great luxury, and it was rare and expensive for many centuries after that. In 1493 Columbus took a sugar plant with him to the West Indies, where it grew so well that huge plantations were started by Europeans and worked on by slaves.

The slaves were shipped across the Atlantic from Africa, packedsometimes one on top of the other in chains, on a journeythat took six weeks. Many died. The empty ships then carriedthe sugar back to Europe. So much money was made that sugar was known as 'white gold'.

Sugar is used to sweeten food and make sweets and chocolate.It is addictive but unnecessary. By the 16th century the Englishwere the greatest sugar–eaters in history. Elizabeth I lost all her teeth because she ate so much of it.

**(A) Give from the passage a word which means the same aseach of the following.**

| | | |
|---|---|---|
| 1. | costly | 1. e--------- |
| 2. | enormous | 2. h--------- |
| 3. | vessel | 3. s-------- |
| 4. | trip | 4. j---------- |
| 5. | vacant | 5. e--------- |

**(B) Answer each question below in one complete sentence.**

1. When did Columbus take a sugar plant with him to the West Indies?
   -----------------------------------------------------------
   -----------------------------------------------------------
   ----------------.
2. Was sugar a rare and expensive for many centuries in Europe?
   -----------------------------------------------------------
   -----------------------------------------------------------
   ----------------.
3. How to ship the slaves from Africa across Atlantic?
   -----------------------------------------------------------
   -----------------------------------------------------------
   ----------------.
4. Did the empty ships carry the sugar back to Europe?
   -----------------------------------------------------------
   -----------------------------------------------------------
   ----------------.
5. Why did Elizabeth I lose all her teeth?
   -----------------------------------------------------------
   -----------------------------------------------------------
   ----------------.

xxxxxxxxxxxxxx

## Grade 9 (စနစ်ဟောင်း)

**အရင်အပတ်က Simple future tense နဲ့ (be) going to + V1 အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Future Continuous Tense နဲ့ Future Perfect Tense အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Future Continuous Tense (will be + Ving) (နေလိမ့်မည်)

အကြောင်းအရာ ကိစ္စရပ်တစ်ခုသည် အနာဂတ်တစ်ချိန်ချိန်တွင် ဖြစ်ပျက်နေမည်ဖြစ်ကြောင်း ကြိုတင်ဖော်ပြပြောဆိုရာတွင် Future Continuous Tense ကို သုံးရသည်။

ယခုကာလတွင်ဖြစ်ပျက်နေဆဲမဟုတ်၊ အတိတ်ကာလတွင်လည်း ဖြစ်ပျက်နေဆဲမဟုတ် လာမည့်အနာဂတ်ကာလတွင် ဖြစ်ပျက်နေမည့် အကြောင်းကို ကြိုတင်ဖော်ပြပြောဆိုခြင်းဖြစ်သည်။

ဥပမာ။ ညီအစ်ကိုနှစ်ယောက် ကျောင်းကနေ အိမ်ကိုပြန်လာတယ်။ ကျွန်တော်တို့ အိမ်ရောက်ရင် မေမေ သစ်ပင်တွေကို ရေလောင်းနေလိမ့်မယ်ဆိုပြီး ညီလေးက အစ်ကို့ကို ပြောတယ်။ သူတို့က လမ်းခုလပ်မှာ ပဲရှိသေးတာ။ အိမ်ပြန်မရောက်သေးဘူး။ အိမ်ပြန်ရောက်တဲ့အခါဆိုတာ အနာဂတ်ကာလဖြစ်သွားပြီ။ ဒါကြောင့် အနာဂတ်မှာဖြစ်ပျက်နေမယ့် ကိစ္စဖြစ်တဲ့အတွက် Future Continuous Tense (will be+ Ving) ကို သုံးရပါတယ်။

e.g. Mother will be watering the plants when we reach home. (ကျွန်တော်တို့ အိမ်ရောက်တဲ့အခါ မေမေ သစ်ပင်ရေလောင်းနေလိမ့်မယ်။)

e.g. Ko Ko will be doing his homework when his mother gets home. (သူ့အမေ အိမ်ပြန်ရောက်တဲ့အခါ ကိုကို အိမ်စာလုပ်နေလိမ့်မယ်။)

e.g. Mya Mya will be drawing a picture at this time tomorrow. (မနက်ဖြန် ဒီလိုအချိန်မှာ မြမြ ပုံဆွဲနေလိမ့်မယ်။)

e.g. It will be raining at this time tomorrow. (မနက်ဖြန် ဒီလို အချိန်မှာ မိုးရွာနေလိမ့်မယ်။)

e.g. He will be visiting his friends this time next week. (လာမယ့်အပတ်ဒီအချိန်မှာ သူ့သူငယ်ချင်းတွေဆီ သွားလည်နေလိမ့်မယ်။)

e.g. They will be writing letter to each other. (သူတို့တွေ စာအပြန်အလှန် ရေးနေကြလိမ့်မယ်။)

**Forms**

Positive – Subject နည်း၊ များ will be Ving …
Negative – Subject will not/ won't be Ving …
Question – Will Subject be Ving..?

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**(A) Make the Future Continuous.**

1. At three o'clock tomorrow, I ___ (work) in my office.
2. At three o'clock tomorrow, he ___ (wait) for the train.
3. At three o'clock tomorrow, they ___ (play) football in the rain.
4. This time next week, you ___ (lie) on the beach.
5. At this time tomorrow, we ___ (get) ready to go out.

**(B) Translate the following.**

1. သူ့ဆီငါတို့ရောက်တဲ့အချိန်မှာ သူ တီဗွီကြည့်နေလိမ့်မယ်။
2. မေမေအိမ်ပြန်လာတဲ့အချိန်မှာ ကျွန်တော်တို့ စာကျက်နေလိမ့်မယ်။
3. ဖေဖေ အိပ်ရာနိုးတဲ့အချိန်မှာ မေမေ နံနက်စာ ပြင်ဆင်နေလိမ့်မယ်။
4. သူကျောင်းရောက်တဲ့အချိန်မှာ ကျောင်းခေါင်းလောင်းထိုးနေလိမ့်မယ်။
5. မနက်ဖြန်ဒီအချိန်မှာ မိုးရွာနေလိမ့်မယ်။

### Future Perfect Tense (will have V3) (…လုပ်ပြီးဖြစ်လိမ့်မည်။)

အကြောင်းအရာကိစ္စတစ်ခုကို အနာဂတ်တစ်ချိန်တွင် ဖြစ်ပျက်ပြီး၊ လုပ်ဆောင်ပြီးဖြစ်နေမည်ဖြစ်ကြောင်း ကြိုတင်ဖော်ပြပြောဆိုရာတွင် Future Perfect Tense (Will have V3)ကို သုံးရသည်။

ယခုကာလနဲ့ အတိတ်ကာလမှာ ဖြစ်ပျက်ပြီးခဲ့တာမဟုတ်ဘဲ အနာဂတ်ကာလရဲ့ အချိန်တစ်ချိန်မှာ ဖြစ်ပျက်ပြီးစီးနေမည်ဖြစ်ကြောင်း ဖော်ပြရာမှာ Future Perfect Tense ကို သုံးရပါတယ်။

ဥပမာပြောရရင် တံတားတစ်စင်းတည်ဆောက်နေတယ်ဆိုပါစို့။ တာဝန်ရှိသူအကြီးအကဲတစ်ဦးက တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို လာစစ်ဆေးတယ်။ သူက လုပ်ငန်းခွင်အင်ဂျင်နီယာအကြီးအကဲကို မေးတယ်။ ဒီတံတားကြီး ဘယ်တော့ပြီးမလဲပေါ့။ သူလာတဲ့အချိန်က ၂၀၂၁ ခုနှစ် ဩဂုတ် ၁၄ ရက်နေ့ပေါ့။ အဲတော့ အင်ဂျင်နီယာက လာမည့်နှစ် ဒီဇင်ဘာလမှာ ပြီးစီးပြီးဖြစ်ပါလိမ့်မယ်ဆိုပြီး ပြောပါတယ်။ ဒီလိုအခြေအနေမှာ Future Perfect Tense ကို သုံးရပါတယ်။

e.g. We will have finished the construction of this bridge by December next year.

e.g. By next week, we will have earned lots of money. (လာမည့်အပတ်မှာ ငါတို့ ပိုက်ဆံတွေ အများကြီးရပြီးဖြစ်လိမ့်မယ်။)

e.g. The rain will have stopped by tomorrow. (မနက်ဖြန်မတိုင်မီ မိုးတိတ်သွားလိမ့်မယ်။)

e.g. They will have married by next year. (သူတို့ လာမည့်နှစ်မတိုင်မီ လက်ထပ်ပြီးဖြစ်လိမ့်မယ်။)

e.g. I will have prepared breakfast by the time the children wake up. (ကလေးတွေ အိပ်ရာနိုးလာတဲ့အခါမှာ ကျွန်တော် နံနက်စာ ပြင်ဆင်ပြီးဖြစ်လိမ့်မယ်။)

**Forms**

Positive – Subject နည်း၊ များ will have V3 …
Negative – Subject will not/ won't have V3…
Question – Will Subject have V3..?

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**(A) Make the Future Perfect.**

1. By 10 p.m. tonight, I ___ (finish) this report.
2. By 10 p.m. tonight, we ___ (have) dinner.
3. This time tomorrow, she ___ (leave) for Mandalay.
4. At this time tomorrow, we ___ (meet) our old friends.
5. At 7 o'clock tomorrow, uncle ___ (buy) a new car.

**(B) Translate the following.**

1. မနက်ဖြန်နံနက်ပိုင်းမှာ ဖေဖေ ကားသစ်တစ်စီး ဝယ်ပြီးဖြစ်လိမ့်မယ်။
2. ဒီည ရှစ်နာရီမှာ ကျွန်တော်တို့ ညစာစားပြီးဖြစ်လိမ့်မယ်။
3. လာမည့်အပတ်မှာ ကျွန်တော်တို့ ဈေးဝယ်ထွက်ပြီးဖြစ်လိမ့်မယ်။ (go shopping)
4. ဘိုးဘိုး သတင်းစာဖတ်ပြီးဖြစ်လိမ့်မယ်။
5. ဘွားဘွား နံနက်စာချက်ပြီးဖြစ်လိမ့်မယ်။

**(လာမည့်အပတ်တွင် Verb Form ဖြေဆိုနည်းများကို ဖော်ပြပါမည်)**


အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လှူ | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လှူ | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဒေါ်တင်စု
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၅၈)၊ အခန်း (၂၀)၊ (၂) ရပ်ကွက်နေ ဦးစံသိန်း-ဒေါ်အေးကြည်တို့၏သမီး၊ [ဦးတင်အေး (အင်ဂျင်နီယာမှူး-ငြိမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)]၏ဇနီး၊ ဦးကျော်မင်းအေး (အင်ဂျင်နီယာမှူး-ငြိမ်း၊ မြန်မာ့ဆက်သွယ်ရေး)- ဒေါ်မြင့်မြင့်ဇင် (လက်ထောက်အင်ဂျင်နီယာမှူး-ငြိမ်း၊ မြန်မာ့ဆက်သွယ်ရေး)၊ ဒေါ်ကြည်သာအေး (အလက-၅၊ ရန်ကင်း-ငြိမ်း)၊ ဦးအောင်ခင်ဦး-ဒေါ်ကေသီလွင် တို့၏မိခင်၊ ကိုပြည့်စွမ်းသျှန်၊ မမေနှင်း၁၊ မအိန္ဒြေ ချမ်းမြေ့၊ မမြုနှင်း၁၊ မောင်ကျော်ဇင်သန့် တို့၏ အဘွားသည် ၂-၉-၂၀၂၂ ရက် နံနက် ၅:၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ(SSC)၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းရင်
### အသက်(၈၃)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျခတ်ငူကျေးရွာအုပ်စု၊ လက်ပန်ရွာနေ (ဦးဖိုးယုံ-ဒေါ်မအေး)တို့၏ သမီးထွေး၊ (ဦးထွန်းထွန်းဝင်း) ၏မိခင်၊ (ဦးပွ-ဒေါ်ရီ)၊ (ဦးပူး-ဒေါ်ငြိမ်းတင်)တို့၏ညီမ၊ ဦးအောင်သူ၏ချစ်လှစွာသောဇနီး ဒေါ်သောင်းရင်သည် ၁၆-၈-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၀)ရပ်ကွက်၊ ပိတောက်ဝါလမ်း၊ အမှတ်(၈၉၄/ခ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ်**(ဥ-၅၀၉၄၊ ၅၀၉၆)**၊ အကျယ်အဝန်း **(၂၀၀ x ၁၀၀)**ပေ၊ ဧရိယာ(၀.၄၅၉)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မိုးသက်ခိုင် (ဘ) ဦးအုန်းရွှေ [၁၄/ဟသတ(နိုင်)၀၄၆၉၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှစ၍ **(၁၄)ရက်**အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ချစ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၃၆/၂၀၁၇)**
**(ဒ-၂၄၁၄)၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**
**Ph: 09-697816600**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ အေးရိပ်သာလမ်း၊ မြေကွက်အမှတ် (၁၄၇)၊ (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်တင်ရီ (KLT-၀၀၂၁၉၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်နိုင်ဦး [၁၄/ဖပန(နိုင်)၀၄၂၃၄၀] မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမောင်မောင်ချစ် (စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၂၄)** |
| **Ph-09 954280932** | **LL.B,D.B.L,D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO (Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph-09420080932,09977402677** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀ သမိုင်း၊ မြေကွက်အမှတ် ၁၈/ဃ-၁၅/A၊ ၀-၀၆၃ ဧက၊ မြေကွက်တည်နေရာအမှတ် (၁၈/ဃ-၁၅/A)၊ ရွှေရတနာလမ်း ၈ မိုင်၊ မရမ်းကုန်း ဒေါ်ဇာခြည်သိမ့် [၁၂/ပဇတ(နိုင်)၀၂၇၉၁၀] အမည်ပေါက် B လ/န-၃ ခ မြေအား အမည်ပေါက် ဒေါ်ဇာခြည်သိမ့် [၁၂/ပဇတ(နိုင်)၀၂၇၉၁၀]မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ် ၁၇၀၃/၂၀၁၈ (၁၈-၆-၂၀၁၈)တို့ကိုတင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းတွင် ၂၀၁၉ ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးယူထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ ၎င်းဖော်ပြပါ မြေပုံ၊ မြေရာဇဝင်မူရင်းသည် ဘဏ်ချေးငွေလျှောက်ထားစဉ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ကြောင်း၊ ၎င်းမြေပုံမြေရာဇဝင်မူရင်းနှင့်ပတ်သက်၍ မည်သည့်ဘဏ်၊ မည်သည့်အဖွဲ့အစည်းများထံတွင်မျှ ဘဏ်ငွေချေးယူခြင်းမရှိဘဲ အထက်ဖော်ပြပါ မြေပုံ၊ မြေရာဇဝင်မူရင်းနှင့်ပတ်သက်သည့် မြေပိုင်မြေစာချုပ်မူရင်းမှာလည်း ယနေ့အချိန်အထိ မိမိ၏လက်ဝယ်တွင်ရှိနေဆဲဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဘဏ်ချေးမြေပုံ၊ မြေရာဇဝင်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ၎င်းမှတာဝန်ယူဖြေရှင်းမည်ဖြစ်ပါကြောင်း၊ ၁၃-၅-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာမူရင်းတင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**


## ဒေါ်တင်အေး (လပွတ္တာ-ကန်ဘက်)
### အသက် (၈၃)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ရွှေလီ (၁၁)လမ်း၊ အမှတ်(၁၂၀၀)နေ ဦးမှန်း-ဒေါ်ငွေပုံ တို့၏သမီးငယ်၊ (ဦးမြင့်သိန်း)၏ ဇနီး၊ ဦးခင်မောင်ဦး-ဒေါ်ခင်မာဝေ၊ ဦးခင်မောင်ဝင်း-ဒေါ်အေးနွဲ့၊ ဦးခင်မောင်အေး-ဒေါ်အေးမဥ္ဇူထွန်း၊ ဦးကျော်မြင့်-ဒေါ်တင်ဝင်းသိန်း၊ ဦးသက်ခိုင်ဝင်း-ဒေါ်တင်ဝင်းမြင့် တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘွား ဒေါ်တင်အေးသည် ၂-၉-၂၀၂၂ (သောကြာနေ့) နံနက် ၁၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် နေပြည်တော်ကောင်စီခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်အေး
### အသက် (၈၃) နှစ်

သူငယ်ချင်း ခင်မောင်အေး-မအေးမဥ္ဇူထွန်း တို့၏ မိခင် ဒေါ်တင်အေးသည် ၂-၉-၂၀၂၂ (သောကြာနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၃)မှ သူငယ်ချင်းများ**

## ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၁၀-ရပ်ကွက်၊ ၄၇-လမ်း၊ အမှတ်(၁၄၄)၊ ပထမထပ် ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်တင်ဝင်း [၁၂/ဗတထ(နိုင်)၀၀၆၈၅၈]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## ရန်ကုန်မြို့၊ တာမွေကြီးမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၀၄)၊ ၄-လွှာ မျက်နှာမူလျက် (ယာ) ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ကွယ်လွန်သူ **ဦးကျော်ဝင်း [၁၂/တမန(နိုင်)၀၈၅၉၁၀]**၏ အမွေဆက်ခံသူများဖြစ်ကြသော ဒေါ်ခင်မင်းသိုက် [၁၂/မဂတ(နိုင်)၀၈၀၀၆၉]နှင့် **ဒေါ်မြတ်သူဇာခင် [၁၂/ကတတ(နိုင်)၀၀၂၁၉၂]**တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၉)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၄၆၉)နေသူ ဦးဇော်မိုးကျော်[၆/သရခ(နိုင်)၀၃၂၉၅၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဦးဇော်မိုးကျော်သည် ဦးဖေစန်းထံမှ (၂၄-၈-၂၀၂၂) နေ့စွဲဖြင့် ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်းဝန်ခံလျက် နှစ်ဦးသဘောတူ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၅၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၁၃၇/က) ပေ(၂၀x၆၀) အိမ်ခြံမြေကို စရန်ငွေတချို့တစ်ဝက် ပေးချေခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါအရောင်းအဝယ် စရန်ပေးကိစ္စနှင့်ပတ်သက်ပြီး၊ ဆက်ခံပိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးညွန့်နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၅၀)(၂၇-၁-၂၀၁၅)**
**အမှတ်-၉၉၊ သဟာရလမ်းသွယ်(၃)၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၃၀၉၃၁၀၀**

## ဒေါ်ချော
### (လောင်းရှည်)
### အသက်(၆၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ လောင်းရှည်နေ (ဦးကြားကြံု-ဒေါ်ကျင်ရီ)တို့၏သမီး၊ (ဦးကျော်ဘီ)-ဒေါ်ကျားရီ၊ (ဦးမောင်မောင်)-ဒေါ်ကျူရင်၊ ဦးခင်မောင်မြင့်-(ဒေါ်ကြည်အောင်) တို့၏ညီမ၊ (ဦးအုန်းမောင်)၏ ချစ်လှစွာသောဇနီး၊ အမှတ်(၄၅)၊ ဒုတိယထပ်၊ ရတနာသိင်္ခလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ချောစုအုန်း၊ ဦးကိုကိုမောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင် ဒေါ်ချောသည် ၂-၉-၂၀၂၂ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီ ၁၀ မိနစ်အချိန်တွင် အာရှတော်ဝင်ဆေးရုံ၌ ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၄-၉-၂၀၂၂ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

စမ်းချောင်းနေအိမ်မှကားများ နံနက် ၀၉:၃၀ နာရီတွင် ထွက်ပါမည်။ ကွယ်လွန်သူအား ရည်စူး၍ ၈-၉-၂၀၂၂ရက်(ကြာသပတေးနေ့)စမ်းချောင်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာသို့ ကြွရောက်နိုင်ကြပါရန် ညှိုးငယ်စွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၂၂၈၊ မြေကွက်လိပ်စာ-အမှတ်-၂၅၅၊ ယမုံနာ(၁၂) အထက်လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)နှင့် မြေပို (၅၀၀)စတုရန်းပေရှိ ဦးဘိုးပြေး [၁၂/ဒပန(နိုင်)၀၁၈၇၈၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသော်ဇင် [၁၂/ဗဟန(နိုင်)၀၂၃၀၀၅]က မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိမ်းဦး [၁၂/ဒပန(နိုင်)၀၀၇၉၁၇]က အဆိုပါမြေကွက်နှင့် အဆောက်အဦကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အဦး၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအောင်**
**(LL.B, D.B.A, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၅)**
**အမှတ်(၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၆၂၉၄၈၉၄**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး)၊ အောင်ဩဘာလမ်း၊ မြေကွက်အမှတ်(၃၄၀/ခ)၊ အကျယ်အဝန်း ပေ(၂၀x ၆၀)ရှိ ဒေါ်ချိုချို (ဘ) ဦးတင်အေး (ISN-၅၂၁၄၅၆)၊ [၁၂/သဃက(နိုင်)၀၅၇၃၉၄] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်ချိုချို (ဘ) ဦးတင်အေး (ISN-၅၂၁၄၅၆) [၁၂/သဃက(နိုင်)၀၅၇၃၉၄]က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့် (ဘ) ဦးကျော်တင့် [၁၂/ဥကတ(နိုင်)၀၄၂၁၄၃]က အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်အေးအေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်မေလှိုင် LL.B, D.B.L, Dip in English**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ Ph: 09- 5083805, 09- 799618472**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ အမှတ်(C-28)၊ ပိတောက်ဝါ(၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (FMI-8)၊ မြေကွက်အမှတ်(၅၇၈)၊ ဧရိယာ (၀.၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးစန်းဝေထွန်း [၇/ပမန(နိုင်)၁၀၃၁၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)**
**အမှတ်(၂၁၄/က)၊ နှင်းဆီမြိုင်(၃)လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉- ၂၅၄၆၀၈၅၉၄**

## ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၃၇) အဆောက်အဦ၏ ခြေရင်းခန်း၊ ဒုတိယထပ်၊ (၃ လွှာ)၊ အကျယ်အဝန်း (၁၅'x၅၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်မည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်၍ လက်ဝယ်ရှိကြောင်း အဆိုပြုသူ ဦးပြည့်ဖြိုးအောင် [၁၄/ခနဖ(နိုင်) ၁၂၂၄၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြေညာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၈)**
**၂၂၊ ၆ လွှာ၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဝေဘာဂီ)၊ သပြေလမ်း၊ မြေကွက်အမှတ် (၁၉၀)ဟုခေါ်တွင်သော ဒေါ်တင်မြိုင် အမည်ပေါက် ရရှိထားသည့် ဂရန်မြေကွက်ကြီးထဲမှ တရားဝင် မခွဲမစိတ်ရသေးသော (ခြေရင်းခြမ်း) အလျား (၂၀) ပေx အနံ (၅၀)ပေ မြေကွက်နှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်၏ အမွေဆက်ခံခွင့်ရှိသူ သားသမီးများထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ဝယ်ရှိသူ ဦးအောင်ကျော်နိုင် [၁၃/တကန(နိုင်)၂၄၄၁၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းမြင့်နိုင် [၁၂/ဥကမ(နိုင်)၁၄၆၃၉၅]နှင့် ဒေါ်အေးအေးသင်း [၇/ရတန(နိုင်)၀၀၂၁၂၃]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက် ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြသက်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၂၉)**
**အမှတ် (၄၃) ၊ မင်းရဲကျော်စွာလမ်း၊ (၁/ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၄၁၉၃၈**


**သင့်**
**သွေး**
**ဖြင့်**
**အသက်**
**ကယ်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ" ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင်ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## ILO Website တွင် "ကြမ်းတမ်းသောအခက်အခဲကို ဖြတ်ကျော်ခြင်း- မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ ကြံ့ကြံ့ခံနိုင်မှု" (Riding out the storm: Organizational resilience of trade unions and civil society organizations following the military takeover in Myanmar) ခေါင်းစဉ်ဖြင့် လွှင့်တင်ထားသော ILO Brief တွင်ပါရှိသည့် "အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားအဖွဲ့အစည်း (၁၆)ဖွဲ့ကို တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာခဲ့ကြောင်းနှင့် အလုပ်သမားသမဂ္ဂအဖြစ် တရားဝင်မှတ်ပုံတင်ရန် နည်းလမ်းမရှိသောကြောင့် အလုပ်သမားများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းမှုမရှိကြောင်း" ဟူသည့်အချက်တို့နှင့်ပတ်သက်၍ ပြင်းထန်စွာ ကန့်ကွက်ခြင်း

၁။ ILO Website တွင် "ကြမ်းတမ်းသော အခက်အခဲကိုဖြတ်ကျော်ခြင်း- မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ ကြံ့ကြံ့ခံနိုင်မှု" (Riding out the storm: Organizational resilience of trade unions and civil society organizations following the military takeover in Myanmar) ခေါင်းစဉ်ဖြင့် ILO Brief တွင် လွှင့်တင်ထားသည်ကို တွေ့ရှိရပါသည်။

၂။ အဆိုပါ ILO Brief တွင် မြန်မာနိုင်ငံ၌ အလုပ်သမားခေါင်းဆောင်များအား ဖမ်းဆီးခြင်း၊ အကြမ်းဖက်ခြင်းများ ဆောင်ရွက်နေကြောင်းနှင့် "အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားအဖွဲ့အစည်း(၁၆)ဖွဲ့ကို တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာခဲ့ကြောင်း၊ အလုပ်သမားသမဂ္ဂအဖြစ် တရားဝင်မှတ်ပုံတင်ရန် နည်းလမ်းမရှိသောကြောင့် အလုပ်သမားများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းမှုမရှိကြောင်း" စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

**ယနေ့ ဖတ်စရာ**

**ဆီဆိုင်-တောင်ကြီးသွားရင် ကားခကျပ် ၅၀၀၀ ပေးရပြီး ရထားနဲ့သွားမယ်ဆိုရင် ကျပ် ၂၅၀၀ သာဖြစ်လို့ ကုန်ကျစရိတ် တစ်ဝက်သက်သာစေပါတယ်**

စာမျက်နှာ » ၈

**မူးယစ်ဆေးဝါး ရောင်းဝယ်၊ သုံးစွဲသူများအား ဖမ်းဆီးအရေးယူခြင်းမပြုဘဲ ခြိမ်းခြောက်ငွေကြေးတောင်းယူခဲ့သူ အမျိုးသား ငါးဦး၊ ရဲပြေး တစ်ဦးနှင့် ပူးပေါင်းကျူးလွန်သူ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးကို ဖမ်းဆီးအရေးယူ**

စာမျက်နှာ » ၁၄

## ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲနှစ်ခုတွင် ပေါက်စ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂**

(၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား ပေါက်စသည် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ယှဉ်ပြိုင်မည်**

ပေါက်စသည် လက်ရှိတွင် ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယခုနှစ်အတွင်းပြုလုပ်မည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲနှစ်ခုတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ပေါက်စသည် အောက်တိုဘာလဆန်းတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် IBSF ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲနှင့် နိုဝင်ဘာတွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် WPBSA ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (IBSF)က စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

## နေပြည်တော်ရေပန်းဥယျာဉ်ကို ခေတ်မီဆန်းသစ်သည့် ဥယျာဉ်ကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်



**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော် ရေပန်းဥယျာဉ်ကို မြို့တော်အဆင့်နှင့် လျော်ညီသည့် ခေတ်မီဥယျာဉ်ကြီးတစ်ခုအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥယျာဉ်အတွင်း ပြည်သူများ စိတ်အပန်းဖြေစေရန် ရိုလာကိုစတာ(Roller Coaster)၊ Zip Line၊ ရေလွှာလျှောစီး(အကြီး)၊ ရေလှိုင်းတု၊ မဟာရဟတ်၊ Mono Train စသည့် ကစားနည်းများ အပါအဝင် ကစားနည်းပေါင်း ၄၈ မျိုးကို သုံးနှစ်စီမံကိန်းဖြင့် စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❂